မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်၊ ၂၀၀၆ ခုနှစ်၊ မေ ၂၁ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၅)၊ အမှတ် (၂၃၀)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ မြန်မာနိုင်ငံတွင်ရောက်ရှိနေသော ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် (နိုင်ငံရေးရာ) မစ္စတာအီဘရာဟင်၊ အေ၊ ဂမ်ဘာရီအား နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်အဖွဲ့ဝင်များ မြန်မာနိုင်ငံတွင် ရောက်ရှိနေသော ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် (နိုင်ငံရေးရာ) မစ္စတာ အီဘရာဟင်၊ အေ၊ ဂမ်ဘာရီနှင့် အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

(အောက်ပုံ) (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် (နိုင်ငံရေးရာ) နှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မြန်မာနိုင်ငံတွင် ရောက်ရှိနေသော ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်(နိုင်ငံရေးရာ) မစ္စတာအီဘရာဟင်၊ အေ၊ ဂမ်ဘာရီနှင့်အဖွဲ့ဝင်များအား ယနေ့နံနက် ၉နာရီခွဲတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

ကျော်ဖုံးသို့ ❐

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ မေလ ၂၁ ရက်)

ဆီးချိုသွေးချိုသွေးတိုးနှင့်နှလုံးရောဂါ လမ်းလျှောက်ခြင်းဖြင့် ကြိုတင်ကာကွယ်ပါ

ကျန်းမာခြင်းသည် လာဘ်တစ်ပါးဖြစ်သည်။ လူတိုင်းအသက်ရှည်လိုကြသည်။ အနာကင်းလိုကြသည်။ အသက်ရှည်၍ အနာကင်းပြီး ကျန်းမာကြံ့ခိုင်မှသာ အလုပ်လုပ်နိုင်မည်။ အလုပ်လုပ်နိုင်မှ စားဝတ်နေရေး ဖူလုံပြည့်စုံမည်ဖြစ်သည်။

ဆီးချိုသွေးချိုရောဂါသည် ကမ္ဘာ့ပြည်သူများ၏ ကျန်းမာရေးကို အန္တရာယ်ပြု ခြိမ်းခြောက်လျက်ရှိသည်။ ယင်းရောဂါသည် လူတစ်ဦးချင်း စားသုံးသည့်အစားအစာ၊ စားသုံးမှုပမာဏအရ ကိုယ်အလေးချိန် ရှိသင့်သည်ထက် ပိုမိုနေခြင်းနှင့် အဝလွန်ကဲခြင်းတို့ကြောင့် ရောဂါဖြစ်ပွားနှုန်းများလာကြောင်းသိရသည်။

ဆီးချိုသွေးချိုရောဂါ ဖြစ်ပွားမှုနှင့်အတူ နှလုံးရောဂါနှင့် မျက်စိအမြင်ကွယ်ခြင်းကဲ့သို့သော ဆင့်ပွားရောဂါများ ဖြစ်ပွားနိုင်သည်။ ထို့အပြင် ဆီးချိုသွေးချိုရောဂါသည်များ၌ အာရုံကြောများ ပျက်စီးခြင်းနှင့် ခြေထောက်များသို့သွားသော သွေးကြောများ ကျဉ်းကာ သွေးလျှောက်မကောင်းခြင်းတို့ကြောင့် ခြေထောက်တွင် အနာများဖြစ်ပေါ်လာကာ နောက်ဆုံး၌ ခြေထောက်များ ဖြတ်ပစ်ရသည်အထိ တွေ့ကြုံခံစားကြရသည်။

ဆီးချိုသွေးချိုရောဂါကို ကျန်းမာရေးနှင့်ပိုမိုညီညွတ်သော အစားအာဟာရများ မျှတစွာ စားသုံးခြင်း၊ ကိုယ်ကာယလှုပ်ရှားမှုများ တိုးတက်ပြုလုပ်ခြင်းနှင့် ဆေးလိပ်သောက်ခြင်းမှ ရှောင်ကြဉ်ခြင်းတို့ဖြင့် ကာကွယ်နိုင်သည်။

ထို့အပြင် သွေးတိုးရောဂါသည် ကမ္ဘာပေါ်ရှိ နိုင်ငံအများအပြားတွင် တွေ့ကြုံခံစားနေကြရပြီး အရွယ်ရောက်သူများအနက် လူသန်းပေါင်း၁၅၀၀ခန့်မှာ သွေးတိုးရောဂါဝေဒနာရှင်များဖြစ်ကြောင်း သိရသည်။

သွေးတိုးရောဂါသည် နှလုံးရောဂါ၊ လေဖြတ်ရောဂါနှင့် ကျောက်ကပ်ရောဂါများကို ဖြစ်စေနိုင်သော အဓိက အကြောင်းရင်းရောဂါတစ်ခုဖြစ်သည့်အပြင် ရောဂါလက္ခဏာမပြဘဲ ရုတ်တရက် သေဆုံးနိုင်သောကြောင့် သွေးတိုးရောဂါမဖြစ်ပွားစေရေးအတွက် စနစ်တကျကာကွယ် ထိန်းသိမ်းကြရမည် ဖြစ်သည်။

သွေးတိုးရောဂါရှိသူများသည် ခေါင်းကိုက်ခြင်း၊ မျက်စိဝေခြင်း၊ အားအင်ကုန်ခန်းခြင်း၊ မောဟိုက်ခြင်း လက္ခဏာများရှိနိုင်၍ အခါအားလျော်စွာ သွေးပေါင်ချိန် စစ်ဆေးခြင်း၊ သွေးတိုးရောဂါရှိပါက စနစ်တကျ စစ်ဆေးကုသမှုခံယူခြင်းပြုသင့်ပေသည်။

သွေးတိုးရောဂါ မဖြစ်ပွားစေရေးအတွက် ကိုယ်အလေးချိန် လျှော့ချထိန်းသိမ်းခြင်း၊ ဟင်းသီးဟင်းရွက်အသီးအနှံ များများစားသုံးခြင်း၊ အငန်ဓာတ်ပါသော အစားအစာများ လျှော့စားခြင်း၊ အရက်အလွန်အကျွံသောက်သုံးမှုမပြုခြင်း၊ ကိုယ်လက်လှုပ်ရှားမှု ပုံမှန်ပြုလုပ်ခြင်း၊ ဆေးလိပ်သောက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ စိတ်ဖိစီးမှုနည်းအောင် နေထိုင်ခြင်း စသည့်နည်းလမ်းများဖြင့် နေထိုင်စားသောက်ရန် လိုအပ်သည်။

ဆီးချို သွေးချို၊ သွေးတိုးနှင့် နှလုံးရောဂါများသည် ရောဂါတစ်ခုနှင့်တစ်ခု ဆက်နွှယ်ဖြစ်ပွားလေ့ရှိသည်။ အဆိုပါရောဂါများ ဖြစ်ပွားရခြင်း၏ အကြောင်းရင်းများထဲတွင် လမ်းလျှောက်ခြင်းကဲ့သို့သော ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်းသည် အဓိက အချက်ဖြစ်သည်။

"သက်ရှည်မရွေး ကျန်းမာရေး၊ ကိုယ်လက်လှုပ်ရှား ကစားပေး" ဟူသည့် ဆောင်ပုဒ်နှင့်အညီ ကျန်းမာရေး လေ့ကျင့်ခန်းများပြုလုပ်ရာ၌ လမ်းလျှောက်ခြင်းသည် အဓိကကျသော အားကစားနည်း တစ်မျိုးအဖြစ် ပါဝင်သည်။ အရွယ်သုံးပါးစလုံးနှင့် သင့်လျော်သည်။ လုပ်ဆောင်ရန်လွယ်ကူပြီး တန်ဖိုးအရှိဆုံး အားကစားနည်း ဖြစ်သည်။

လမ်းလျှောက်ခြင်းသည် ဆေးတစ်ပါးဖြစ်သည်။

ထို့ကြောင့် ဆီးချိုသွေးချို၊ သွေးတိုးနှင့် နှလုံးရောဂါများမဖြစ်ပွားစေရန် လမ်းလျှောက်ခြင်းဖြင့် ကြိုတင် ကာကွယ်သင့်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၂၁-၅-၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ ကျန်းမာရွှင်လန်း ယောဂအစွမ်း
၇း၁၅ ၄။ မျိုးချစ်တပ်မတော်
၇း၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရှောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ ဆရာတော် ဦးဃောသိတ တရားတော် **"၆၂ ပါးသော မိစ္ဆာဒိဋ္ဌိများ"**

နေ့လယ်ပိုင်း

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၂း၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **"ကျွန်တော့်အစ်ကို"**
၀၁း၅၀ ၆။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၄း၂၅ ၄။ မျိုးချစ်တပ်မတော်
၄း၄၅ ၅။ သာယာသီကြွေးခေတ်ဆန်းတေး
၅း၀၀ ၆။ အမေးကမ္ဘာတွေးစရာ
၆း၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၈။ နိုင်ငံတကာသတင်း
၆း၂၀ ၉။ မိုးလေဝသသတင်း
၆း၂၅ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၁။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၆း၄၀ ၁၂။ မျှော်လင့်စောင့်စား ဂျာမနီကမ္ဘာ့ဖလား
၆း၅၀ ၁၃။ လျှပ်တစ်ပြက်
၇း၀၀ ၁၄။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **"မြက်ခင်းစိမ်းနဲ့အိမ်ကလေး"** (အပိုင်း-၂၈)
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၇။ ကျန်းမာသုတ
၁၈။ ပဟေဠိနန်းတော်
၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၀။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **"သတ္တိဗျတ္တိ"** (အပိုင်း-၂)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမိုတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၅-၂၀၀၆ (တနင်္ဂနွေနေ့)

၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ ပေါ့ပေါ့ပါးပါးမြန်မြန်ဆန်ဆန်
၇း၁၅ တေးဂီတအစီအစဉ်
၇း၂၀ ပြည်တွင်းသတင်းအကျဉ်း
၇း၃၀ ပေါင်းတည်မြို့မှ ဘိုးဘွားရိပ်သာ
၇း၃၅ တေးဂီတအစီအစဉ်
၇း၄၀ နိုင်ငံတကာသတင်းအကျဉ်း
၇း၄၅ နိုင်ငံတကာအနုပညာရေးရာ
၈း၁၀ တေးဂီတအစီအစဉ်
၈း၁၅ မီးအပူလေးပြုပြင်ခြင်းနည်းပညာ
၈း၃၀ မိုးလေဝသခန့်မှန်းချက်
၈း၃၅ တေးဂီတအစီအစဉ်
၈း၄၀ Sunday Talk(ဦးမျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း၊ ကိုကို(စက်မှုတက္ကသိုလ်))
၉း၃၅ တေးဂီတအစီအစဉ်
၉း၄၀ ပြည်တွင်းသတင်းအကျဉ်း
၉း၅၀ တေးဂီတအစီအစဉ်
၉း၅၅ လက်တွေ့အသုံးဝင်ခြစ်ညည်းရိုး ကြက်ဆူပင် (ဇရာဝတီတိုင်း)
၁၀း၀၅ တေးဂီတအစီအစဉ်
၁၀း၁၀ စာပေပညာရှင်များနှင့် တွေ့ဆုံခြင်း (ဆရာချစ်ဦးညို)
၁၀း၂၅ နိုင်ငံတကာသတင်းအကျဉ်း
၁၀း၃၀ တေးဂီတအစီအစဉ်
၁၀း၃၅ Myanmar Video Rhythm
၁၁း၂၅ တေးဂီတအစီအစဉ်
၁၁း၃၀ မုချမသေ့သေစေနိုင်သော ခွေးရူးပြန်ရောဂါ သတိပြု၍ကာကွယ်ပါ (ခွေးရူးပြန်ရောဂါနှင့်ကူးစက်မှု)
၁၁း၄၅ တေးဂီတအစီအစဉ်
၁၁း၅၀ လှပခံ့ညားရောင်စုံအမိုးပြား
၁၂း၀၀ MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ပညာသင်ထောက်ပံ့ငွေ ပေးအပ်

မေ ၁၉ရက်က ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့၌ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက ပညာသင်ထောက်ပံ့စရိတ် ပေးအပ်ပွဲကျင်းပရာ ပဉ္စမတန်းမှ မပိုးအိဖြူအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်း ပညာသင်ထောက်ပံ့ငွေ ပေးအပ်စဉ်။ (ကာ-ပ)

နိုင်ငံတော်၏ဘဏ္ဍာရေးနှင့်အခွန်ဆိုင်ရာလုပ်ငန်းတာဝန်များ ဥပဒေ၊နည်းဥပဒေများအတိုင်း အလေးအနက်ထားဆောင်ရွက်

နေပြည်တော် မေ ၂၀

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၁၈ရက်က နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်း တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

အလေးအနက်

ရှေးဦးစွာ ဝန်ကြီးဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားရာတွင် ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းများ၏ အားနည်းချက်၊ အားသာချက်များကို လေ့လာဖော်ထုတ်ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ပြီး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများ၊ အစီအမံများကိုတင်ပြဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏စီးပွားရေးရည်မှန်းချက်များကို အထောက်အကူပြုစေမည့်ဘဏ္ဍာရေးနှင့်အခွန်ဆိုင်ရာလုပ်ငန်းတာဝန်များ၊ ရည်မှန်းချက်များပြည့်မီကျော်လွန်စေရေးအတွက် စီမံချက်များ၊ နည်းလမ်းများချမှတ်ကာ ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာရေးနှင့်အခွန်ဆိုင်ရာလုပ်ငန်းတာဝန်များကို ဝန်ထမ်းများအားလုံးက စိတ်စေတနာကောင်းဖြင့်လုပ်ထုံးလုပ်နည်းများ ဥပဒေ၊ နည်းဥပဒေများအတိုင်း တိကျမှန်ကန်စွာ၊ တာဝန်သိစွာ၊ ရိုးဖြောင့်စွာ၊ အလေးအနက်ထား ဆောင်ရွက်ကြရန် လိုကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ မြန်မာ့အသေးစားချေးငွေလုပ်ငန်း၊ မြန်မာ့အာမခံလုပ်ငန်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ပင်စင်ဦးစီးဌာနနှင့် အခွန်အယူခံခုံအဖွဲ့ရုံးတို့မှ ဌာနဆိုင်ရာအကြီးအကဲများက ဘဏ္ဍာနှစ်အတွင်း ဌာနအလိုက်ရည်မှန်းချက်များအပေါ် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို သုံးသပ်တင်ပြကြရာ ဝန်ကြီးက သုံးသပ်တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

တိုးချဲ့ဆောင်ရွက်

ဆက်လက်၍ မြန်မာ့စီးပွားဘဏ်မှ ပြည်နယ်၊ တိုင်းမန်နေဂျာများက ဒေသအလိုက် လုပ်ငန်းလျာထားချက်နှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက မြန်မာ့စီးပွားရေးဘဏ်၏ လုပ်ငန်းဆောင်ရွက်မှုများ ထိရောက်ထက်မြက်စေရေး၊ ဆက်ဆံရေးချိုသာပြေပြစ်ရေး၊ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရန် ကြိုးပမ်းကြရေးတို့ကို မှာကြားပြီး ပထမနေ့အစီအစဉ်ကို ရပ်နားလိုက်သည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနလုပ်ငန်းညှိနှိုင်းအစည်းအဝေး ဒုတိယနေ့အစီအစဉ်ကို မေ ၁၉ ရက်တွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်တွင်းအခွန်များဦးစီးဌာန ပြည်နယ်၊ တိုင်း အခွန်ဦးစီးမှူးများက ဒေသအလိုက် လုပ်ငန်းလျာထားချက်နှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လုပ်ငန်းဆောင်ရွက်မှုများအပေါ် သုံးသပ်ချက်နှင့်တကွ ရသင့်ရထိုက်သည့် အခွန်အခများ ပြည့်ဝမှန်ကန်စွာရရှိရေး အလေးထားဆောင်ရွက်ကြရန်မှာကြားသည်။

ဆက်လက်၍ ပြည်နယ်၊ တိုင်းအခွန်ဦးစီးဌာနမှူးများက အခွန်အရပ်ရပ် ကောက်ခံမှုအပေါ်ဒေသတွင်းလိုက်နာဆောင်ရွက်မှုနှင့် လွယ်ကူသော အခွန်စနစ် ဆောင်ရွက်မှုအပေါ် သုံးသပ်ချက်စာတမ်းများကို အသီးသီးဖတ်ကြားတင်ပြကြပြီး မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က ဘဏ်နှင့်ငွေရေးကြေးရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ဆောင်ရွက်ရန်ရှိသည်များကို ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပြောကြား

ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက ဌာနအသီးသီး၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်လှထွန်းက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ယခုအစည်းအဝေး၌ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများ၊ ရည်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများ၊ကွာခြားနေရသည့် အကြောင်းအကျိုးများကို အခြေခံပြီး ရှေ့ဆက်လက် ဆောင်ရွက်ရမည့် အစီအမံများကို ချမှတ်ဆောင်ရွက်ကြရန် အထူးအရေးကြီးကြောင်းဖြင့် ပြောကြားသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မေ ၂၀ ရက်က ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရေယာဉ်များတွင် ခရီးသည်များအားအန္တရာယ်ကင်းရှင်းရေးအတွက် အသက်ကယ်အင်္ကျီ အသုံးပြုပုံကို ရေယာဉ်ဝန်ထမ်းများက ရှင်းလင်းသရုပ်ပြနေစဉ်။

(ပို့ဆောင်ရေး)

ရွှေစည်းခုံဘုရားကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန်ငွေလှူ

ရန်ကုန် မေ ၂၀

ညောင်ဦးမြို့ သမိုင်းဝင် ရွှေစည်းခုံဘုရားကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန်အတွက် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အနော်ရထာလမ်းနှင့် ၄၅လမ်းထောင့် Creation မိသားစုက အလှူငွေကျပ်၁၅၀၀၀၀ ပေးအပ်လှူဒါန်းပွဲကို မေ၁၆ရက်က ဗုဒ္ဓပူဇနိယဆီမီး ၉၉၀၀ အဖွဲ့ရုံး (အင်းစိန်)၌ ကျင်းပရာ ရွှေစည်းခုံဘုရားကြီးဂေါပကအဖွဲ့ကိုယ်စား ဆီမီး ၉၉၀၀ အဖွဲ့နာယက ဦးစိုးဝင်း(စဥ့်ကူစိုးဝင်း)၊ ဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ-တောင်တွင်းကြီး)၊ ဦးသွင်ဦး(တွဲဖက်အတွင်းရေးမှူး)၊ ဦးကြည်စိုး(တရားရုံးချုပ်ရှေ့နေ)၊ ဘဏ္ဍာရေးမှူး ဒေါ်အမာဆွေတို့ထံ Creation မိသားစုမှ ဒေါ်သူဇာထွေးနှင့် ဒေါ်နှင်းယုမော်တို့က ပေးအပ်လှူဒါန်းရာအဖွဲ့က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(အောက်ပုံ)**

ဆက်သွယ်လှူဒါန်းနိုင်

ညောင်ဦးမြို့ ရွှေစည်းခုံဘုရားကြီးကိုငွေကျပ် သိန်း၁၆၅၀ အကုန်အကျခံကာ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူမည်ဖြစ်သဖြင့် ကြာသွတ်အိုး တစ်လုံး ကျပ် ၂၅၀၀၀၀၊ နှစ်လက်မပတ်လည် ရွှေတစ်ဆိုင်း ကျပ်၁၆၀၀၀၊ ကိုးလက်မပတ်လည် ရွှေချပ်ပြီး တစ်ချပ် ကျပ်၅၀၀၀၀ ဖြင့် လှူဒါန်းလိုသူများသည် အတွင်းရေးမှူး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ညောင်ဦးခရိုင် ညောင်ဦးမြို့ ဖုန်း-၀၆၁-၆၀၂၆၁၊ ဥက္ကဋ္ဌ ရွှေစည်းခုံဘုရားကြီး ဂေါပကအဖွဲ့ ညောင်ဦးမြို့ ဖုန်း-၀၆၁-၆၀၈၂၅နှင့် ဦးစိုးဝင်း(စဥ့်ကူစိုးဝင်း)စုပေါင်းရုံးဝင်း အင်းစိန်မြို့ ဖုန်း-၀၁-၆၄၀၄၈၇၊ ၆၄၀၄၈၉ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၀၄၆)**

Noma Concours ကလေးစာပေဇာတ်လမ်းသရုပ်ဖော် ပန်းချီပြိုင်ပွဲပါဝင်ယှဉ်ပြိုင်ကြရန်ပညာရှင်များအားဖိတ်ခေါ်

ရန်ကုန် မေ ၂၀

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ယူနက်စကိုဆိုင်ရာ အာရှနှင့်ပစိဖိတ်ဒေသ ယဉ်ကျေးမှုဌာန Asia/ Pacific Cultural Centre for UNESCO (ACCU) က ကြီးမှူး၍ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ကလေးစာပေ ရုပ်ပြစာအုပ်များ အဆင့်အတန်းနှင့် အရည်အသွေးတိုးတက်မြင့်မားစွာ ပုံနှိပ်ထုတ်ဝေနိုင်ရန်ရည်ရွယ်ပြီး ၂၀၀၆ခုနှစ်အတွက် Noma Concours ကလေးစာပေ ဇာတ်လမ်းသရုပ်ဖော် ပန်းချီပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်နိုင်ရန် ပန်းချီပညာရှင်များအား ဖိတ်ခေါ်ထားသည်။

ဖိတ်ခေါ်ထား

ပြိုင်ပွဲအတွက် ပုံပြင်ဇာတ်လမ်းများကို သရုပ်ဖော်ပုံများရေးဆွဲ၍ ပေးပို့ယှဉ်ပြိုင်နိုင်ရန်ဖြစ်ပြီး ပေးပို့ယှဉ်ပြိုင်ရာတွင် မူရင်းရေးဆွဲထားသော သရုပ်ဖော်ပန်းချီများ ဖြစ်ရမည်ဖြစ်သည်။ ဓာတ်ပုံများဖြင့် ပုံနှိပ်ထားသော ပန်းချီကားများကိုလက်ခံမည် မဟုတ်သည့်အပြင် ကလေးများရေးဆွဲသည့် ကလေးပန်းချီပြိုင်ပွဲလည်းမဟုတ်ဘဲ ပညာရှင်အဆင့်ကိုသာ ဖိတ်ခေါ်ထားခြင်းဖြစ်သည်။

ပုံပြင်ဇာတ်လမ်း တစ်ပုဒ်အတွက် သရုပ်ဖော်ပုံငါးပုံနှင့်အထက် ပါဝင်ယှဉ်ပြိုင်နိုင်သည်။ သို့ရာတွင် ပုံပြင်ဇာတ်လမ်းတစ်ပုဒ်အတွက် သရုပ်ဖော်ပုံများ၏ အလေးချိန်ငါးကီလိုဂရမ်ထက် မကျော်စေရပေ။

ထုတ်ပြန်ကြေညာ

ထုတ်ဝေခြင်း မပြုရသေးသော ရုပ်ပြလက်ရာများလည်း ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပါဝင်ယှဉ်ပြိုင်ရာတွင် မိမိသရုပ်ဖော်ရေးဆွဲသည့် ဇာတ်လမ်းအကျဉ်းချုပ်ကို အင်္ဂလိပ်ဘာသာဖြင့် စာလုံးရေ ၃၀၀ခန့် ပြုစုပေးရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်လက်ရာများကို ရွေးချယ်၍ ၂၀၀၇ခုနှစ် မတ်လကုန်တွင် ထုတ်ပြန်ကြေညာမည်ဖြစ်သည်။

အကောင်းဆုံးဆုရရှိသူအား ဆုငွေ အမေရိကန်ဒေါ်လာ ၃၀၀၀ ချီးမြှင့်မည်ဖြစ်သည်။ ဒုတိယဆုနှစ်ဆုအတွက် တစ်ဆုလျှင် အမေရိကန်ဒေါ်လာ ၁၀၀၀စီ၊ အထူးဆု ၁၀ဆုအတွက်တစ်ဆုလျှင် အမေရိကန်ဒေါ်လာ ၃၀၀စီချီးမြှင့်မည်ဖြစ်ပြီး နှစ်သိမ့်ဆု ၂၀အတွက် ဆုတံဆိပ်များကို ပေးပို့ချီးမြှင့်မည်ဖြစ်သည်။

ဆုရွေးချယ်ခြင်းမခံရသည့် ပန်းချီ သရုပ်ဖော်လက်ရာများကို လူကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ်လွှဲစာဖြင့် လာရောက်ထုတ်ယူမှသာ ပြန်လည်ထုတ်ပေးမည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်မည့် ပုံပြင်ဇာတ်လမ်းများအတွက် သရုပ်ဖော်ပန်းချီများကို ဦးမောင်လှိုင် (စာတည်းမှူးချုပ်၊ တွဲဖက်အတွင်းရေးမှူး) 2006 Noma Concours for Book ˚˚Illustrations ပြိုင်ပွဲဝင်လက်ရာများ စိစစ်ရွေးချယ်ရေးအဖွဲ့ စာပေဗိမာန် အမှတ်(၅၂၉) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၂၄၀၀၄၈သို့ ၂၀၀၆ ခုနှစ် ဩဂုတ် ၃၀ ရက် နောက်ဆုံးထား၍ ပြိုင်ပွဲဝင်သူ၏ ကိုယ်ရေးအချက်အလက် အပြည့်အစုံနှင့်အတူ ပေးပို့ရမည်ဖြစ်သည်။ အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အထက်ပါဌာနတွင် မေးမြန်းနိုင်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)



အမေရိကန်နိုင်ငံရှိ ပင်တဂွန်စစ်ဌာနချုပ်အား လေယာဉ်ဖြင့် ဝင်တိုက်သည့် ဂရပ်ဖစ်ဒီဇိုင်းပုံစံကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ပင်တဂွန်တိုက်ခိုက်ခံရမှုဗီဒီယိုအခွေ ပထမဆုံးအကြိမ်ထုတ်ဝေဖြန့်ချိ

ဝါရှင်တန် မေ ၂၀

၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ရက်က ပင်တဂွန်အဆောက်အအုံသို့ လေယာဉ်တစ်စင်းက ဝင်ရောက်တိုက်ခိုက်ခဲ့သည့် ဗီဒီယိုတိပ်ခွေကို မေ ၁၆ရက်က ပထမဆုံးအကြိမ်ထုတ်ပြန်ခဲ့ကြောင်း စီအင်န်အင်န် ရုပ်မြင်သံကြားက သတင်းထုတ်လွှင့်ခဲ့သည်။

ပင်တဂွန်က အမေရိကန်လေကြောင်းလိုင်း ပျံသန်းရေးခရီးစဉ် ၇၇ လေယာဉ်သည် ဝါရှင်တန်မြို့ပြင်ရှိ ပင်တဂွန်ဌာနချုပ်ကို တိုက်ခိုက်သည့် အခွေကို ပထမဆုံးအကြိမ် ထုတ်ပြန်လိုက်သည်။

ရယူနိုင်

ယင်းဗီဒီယိုအခွေကို အဆိုပါ အုပ်စု၏ ဝက်ဘ်ဆိုက်တွင် ရယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပင်တဂွန်တိုက်ခိုက်မှုတွင် လူ ၁၈၄ဦး သေဆုံးခဲ့ရသည်။ ယင်းဖြစ်စဉ်တွင် လေယာဉ်ပေါ် လိုက်လာသူ ခရီးသည် ၅၃ဦးနှင့် လေယာဉ်အမှုထမ်းခြောက်ဦး၊ အဆောက်အအုံရှိ စစ်ဘက်ဝန်ထမ်း ၁၂၅ဦး သေဆုံးမှုတွင် ပါဝင်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ



ပင်တဂွန်စစ်ဌာနချုပ်၏ ပျက်စီးသွားသော အစိတ်အပိုင်းကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ရဲဝတ်စုံဝတ် သေနတ်ကိုင်များ ဘဂ္ဂဒက်၌ စက်ပြင်ဆရာ ခြောက်ဦးကိုပစ်သတ်

ဘဂ္ဂဒက် မေ ၂၀

ဘဂ္ဂဒက်မြို့ အနောက်တောင်ပိုင်း၌ မေ၁၉ရက်က မီနီဘတ်စ်ပေါ်တွင် လိုက်ပါလာသော စက်ပြင်ဆရာ ခြောက်ဦးအား ရဲဝတ်စုံဝတ်ဆင်ထားသော အမည်မသိ သေနတ်သမားများက ပစ်သတ်သွားကြောင်း ရဲတပ်ဖွဲ့ သတင်းရပ်ကွက်က ပြောကြားသည်။

အမည်မသိ လက်နက်ကိုင် သေနတ်သမားများသည် စက်ပြင်ဆရာများကို တင်ဆောင်လာသော မီနီဘတ်စ်အား ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ခြောက်ဦး သေဆုံးသွားကြောင်း အဆိုပါသတင်းရပ်ကွက်က ဆင်ဟွာသို့ ပြောကြားသည်။

ယင်းတိုက်ခိုက်မှုကြောင့် အခြား စက်ပြင်ဆရာသုံးဦးလည်း ဒဏ်ရာရရှိသွားသည်ဟုဆိုသည်။ ထိုအတောအတွင်း ဘဂ္ဂဒက်မြို့လယ်၌ ကင်းလှည့် ရဲတပ်ဖွဲ့အား ကားဗုံးဖြင့် တိုက်ခိုက်ရာ လူခုနစ်ဦးသေဆုံးပြီး လေးဦး ဒဏ်ရာရရှိသွားကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

မဲခေါင်မြစ်ဝှမ်းရေကြီးမှုသတိပေးစနစ်တိုးတက်ရေး အဖွဲ့ဝင်နိုင်ငံများ၏ ဖိုရမ်ကျင်းပ

ဖနောင်ပင် မေ ၂၀

ကမ္ဘောဒီးယားနိုင်ငံ၏ ခရီးသွားမြို့ ဆီအမ်ရိမ်မြို့၌ မဲခေါင်မြစ်ဝှမ်းဒေသအောက်ပိုင်း ရေကြီးမှုသတိပေးရေး စနစ်ဆိုင်ရာ နှစ်ရက်ကြာဖိုရမ်ကို မေ၁၈ရက်က ဖွင့်လှစ်လိုက်သည်။

ယင်းဖိုရမ်ကို မဲခေါင်မြစ်ဝှမ်း အောက်ပိုင်း အမျိုးသားနှင့်ဒေသဆိုင်ရာအဆင့်တွင် ရေကြီးမှုသတိမူရေးနှင့် သတိပေးရေးစနစ်မြှင့်တင်ရန်ရည်ရွယ်လျက် မဲခေါင်မြစ်ကော်မရှင် ရေကြီးမှုစီမံခန့်ခွဲရေးနှင့် လျော့ပါးစေရေး အစီအစဉ်အောက်ရှိ ဒေသဆိုင်ရာရေကြီးမှုစီမံခန့်ခွဲရေးနှင့် လျော့ပါးစေရေး ဗဟိုဌာနက ကြီးမှူးကျင်းပခြင်းဖြစ်သည်။

ယင်းဖိုရမ်က မြစ်ဝှမ်းအတွင်း အရေးပေါ်လိုအပ်ချက်များကို ဆွေးနွေးရေးအတွက် အခွင့်အလမ်းကို ရရှိစေမည်ဖြစ်ပြီး နိုင်ငံအသီးသီး၏ ရှေ့ဆောင်ရွက်ရမည့် အစီအစဉ်များနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးနိုင်ကြမည် ဖြစ်သည်။

တက်ရောက်

၎င်းဖိုရမ်သို့ အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ ဗီယက်နမ်နှင့် အခြားဒေသဆိုင်ရာ ကျွမ်းကျင် ပညာရှင်များ၊ တရုတ်နှင့်မြန်မာ ဆွေးနွေးဖက်နိုင်ငံများကဲ့သို့သော နိုင်ငံတကာအသိုင်းအဝိုင်းမှ ကိုယ်စားလှယ် ၁၀၀ ကျော် တက်ရောက်ခဲ့သည်။

ပြောကြား

မဲခေါင်မြစ်ဝှမ်းဒေသ နှစ်စဉ်နှစ်တိုင်းရေကြီးမှုကြောင့် လူအများအပြားသေဆုံးပြီး ဒေါ်လာသန်းပေါင်းများစွာတန်ဖိုးရှိ အဆောက်အအုံများ ဆုံးရှုံးပျက်စီးနေရကြောင်း၊ မဲခေါင်မြစ်ဝှမ်းဒေသ၏ ရေကြီးမှုသတိပေးစနစ်များ လုံးဝမရှိဘဲ ဖြစ်နေရကြောင်း၊ ရေကြီးမှု သတင်းပြန်ကြားရေးနှင့် အဆင့်အတန်းတိုးတက်ရန် လိုအပ်နေပြီဖြစ်ကြောင်း ဒေသဆိုင်ရာ ရေကြီးမှုထိန်းချုပ်ရေး အစီအစဉ်မှ အတွင်းရေးမှူး အိုလီဗီယာကိုဂျယ်စ်က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မလေးရှားနိုင်ငံ၏ အမျိုးသားသတင်းဌာနရုံးခွဲ တရုတ်နိုင်ငံ ပေကျင်းမြို့၌ ဖွင့်လှစ်

ကွာလာလမ်ပူ မေ ၂၀

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် မလေးရှားအမျိုးသား သတင်းဌာနခွဲတစ်ခုဖွင့်လှစ်ခဲ့ကြောင်း၊ ယခုကဲ့သို့ သတင်းဌာနရုံးခွဲတစ်ခု ဖွင့်လှစ်ခြင်းသည် နိုင်ငံတကာ သတင်းနယ်ပယ်ကို ချဲ့ထွင်ရာတွင် အဓိကကျသည့် ခြေလှမ်းတစ်ခုပင်ဖြစ်ကြောင်းမလေးရှားနိုင်ငံ၏ အမျိုးသားသတင်းဌာန ဘာနာမာက ကွာလာလမ်ပူမြို့တွင် မေ ၁၉ ရက်၌ ကြေညာသည်။

ယခုကဲ့သို့ သတင်းဌာနရုံးခွဲတစ်ခု ဖွင့်လှစ်နိုင်ခြင်းဖြင့် တရုတ်နှင့် မလေးရှားနှစ်နိုင်ငံအကြား အပြန်အလှန်ဆက်ဆံရေး ပိုမိုကောင်းမွန်စေရန် အထောက်အကူ ပေးနိုင်မည်ဖြစ်ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

ဘာနာမာ သတင်းဌာနသည် ပေကျင်း၌ ဖွင့်လှစ်သည့်ရုံးခွဲမှာ စတုတ္ထမြောက်ရုံးခွဲဖြစ်ပြီး စင်ကာပူ၊ အင်ဒိုနီးရှား၊ ထိုင်းနိုင်ငံတို့တွင်ရုံးခွဲများ ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကမ္ဘာ့အသက်ကြီးဆုံး ဂျပန်တောင်တက်သမား ဧဝရတ်တောင်ထိပ်သို့ အောင်မြင်စွာတက်ရောက်



ယူချီယိုမီရာ

ခတ္တမန္ဒူ မေ ၂၀

အသက်(၇၀) အရွယ် ဂျပန်တောင်တက်သမား တစ်ဦးသည် မေ၁၇ရက်က ဧဝရတ်တောင်ထိပ်သို့ အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ကြောင်း၊ ၎င်းသည် ကမ္ဘာ့အသက်အကြီးဆုံး တောင်တက်သမားအဖြစ် ခံယူရန် အတွက် ကြိုးစားခဲ့ခြင်းဖြစ်ကြောင်း နီပေါအင်္ဂလိပ်သတင်းစာက မေ၁၈ရက်၌ ဖော်ပြသည်။

အသက်(၇၀) ရှိပြီဖြစ်သော တာကာအိုအရာယာမားသည် အဖွဲ့ဝင်ငါးဦးပါသောအဖွဲ့နှင့်အတူ မေ ၁၇ရက် နံနက်က ၈၈၄၈ မီတာမြင့်သော တောင်ထိပ်သို့ ရောက်ရှိခဲ့ကြောင်း တိုကျိုအခြေစိုက် လူစွန့်စားများအဖွဲ့က ပြောကြားသည်။

ပို၍ကြီး

အိုအရာယာမားသည် ၂၀၀၃ ခုနှစ် မေလက အဆိုပါ တောင်ထိပ်သို့ တက်ရောက်ခဲ့သော ဂျပန်တောင်တက်သမား ယူချီယိုမီရာ ထက် သုံးရက်မျှသာပို၍ကြီးသည်။

တက်ရောက်နိုင်

အိုအရာယာမားသည် တိုကျိုမြို့ တောင်ဘက် ကာမာဘူရာမှ ကော်ပိုရေးရှင်းစီမံခန့်ခွဲရေး အတိုင်ပင်ခံတစ်ဦးဖြစ်သည်။ ၎င်းသည် အသက်(၄၀) အရွယ်မှ စတင်၍ တောင်တက်ခဲ့ပြီး မြောက်အမေရိကတိုက်၏ အမြင့်ဆုံးတောင် မက်ကင်လီတောင်၏ ၆၁၉၄ မီတာအထိ တက်ရောက်နိုင်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ကနေဒါအမျိုးသမီးတပ်ဖွဲ့ဝင် အာဖဂန်နစ္စတန်၌သေဆုံး

အော့တာဝါ မေ ၂၀

အာဖဂန်နစ္စတန်နိုင်ငံ၌ တာဝန်ထမ်းဆောင်နေသော ကနေဒါတပ်ဖွဲ့ဝင် အမျိုးသမီးခေါင်းဆောင်တစ်ဦး သေဆုံးသွားပြီဖြစ်ကြောင်း ကနေဒါဝန်ကြီးချုပ်က မေ ၁၇ရက်၌ ပြောကြားသည်။

အဆိုပါ အမျိုးသမီးတပ်ဖွဲ့ဝင် သေဆုံးရသည့်အကြောင်းနှင့် အမည်နာမကို ယခုအထိ ထုတ်ပြန်ကြေညာခြင်းမရှိဟု ဆိုသည်။

အငြင်းပွား

အာဖဂန်နစ္စတန်တွင် ကနေဒါတပ်ဖွဲ့ နှစ်နှစ်ကျော်ကြာ တပ်ချထားခြင်းကို ဆက်လက်အချိန်တိုးမြှင့်မည် မမြှင့်မည်ဆိုသည့် ကိစ္စနှင့်စပ်လျဉ်း၍ ကနေဒါ ပါလီမန်၌ အငြင်းပွားလျက် ရှိသည်။

ကွန်ဆာဗေးတစ်အစိုးရက ကနေဒါတပ်ဖွဲ့ဝင်များ ၂၀၀၇ခုနှစ် ဖေဖော်ဝါရီလကုန်အထိ တပ်စွဲထားရန် အစီအစဉ်မှ ၂၀၀၉ခုနှစ်အထိ တိုးချဲ့သွားရန် ဆော်ဩထားသည်။

အဆိုပါ အမျိုးသမီးတပ်ဖွဲ့ဝင်သည် ၂၀၀၂ခုနှစ်က အာဖဂန်တွင် စတင်တပ်စွဲထားချိန်မှစ၍ ၁၆ဦးမြောက် သေဆုံးခဲ့ခြင်း ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ပတ္တရာအပန်းဖြေစခန်းတွင် ကျင်းပသည့် အလှမယ်ပြိုင်ပွဲတွင် ပထမရရှိသွားသော အလှမယ်တစ်ဦး ဆုယူအပြီး မေ၂၀ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ အများပြည်သူသုံး တယ်လီဖုန်းရုံတွင် တယ်လီဖုန်းအသုံးပြုနေသူများကို မေ ၁၉ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တိရစ္ဆာန်များအခွင့်အရေး အရေးဆိုဆန္ဒပြမှု တားမြစ်ပေးရန် အောက်စဖို့ဒ်တက္ကသိုလ်ကြိုးပမ်း

လန်ဒန် မေ ၂၀

အောက်စဖို့ဒ်တက္ကသိုလ်က ၎င်း၏ဇီဝဆေးပညာသုတေသနဌာနကို ကန့်ကွက်သည့် တိရစ္ဆာန်များအခွင့်အရေးကာကွယ်မှု တက်ကြွလှုပ်ရှားသူများ၏ ဆန္ဒပြမှုကို တရားရုံးက တားမြစ်မိန့်ထုတ်ပေးရန် ကြိုးပမ်းလျက်ရှိသည်။

ကြေညာ

ပေါင်စတာလင် သန်း၂၀ အကုန်အကျခံသည့် ဇီဝဆေးပညာ သုတေသန အဆောက်အအုံကို လွန်ခဲ့သည့်နိုဝင်ဘာ၌ ပြန်လည်တည်ဆောက်ကတည်းက ခြိမ်းခြောက်မှုများနှင့် ပြစ်မှုမြောက်သည့် နစ်နာဖျက်ဆီးမှုများ ပိုမိုကြုံတွေ့လာရကြောင်း အောက်စဖို့ဒ်တက္ကသိုလ်က ကြေညာသည်။

ထိုဌာန အဆောက်အအုံပတ်ဝန်းကျင် မဝင်ရဇုန်ကို တိုးချဲ့ပေးရန်အတွက် တရားရုံးချုပ်သို့ ပြန်လည် လျှောက်ထားတော့မည်ဖြစ်သည်။

ပြစ်တင်ရှုတ်ချ

တိရစ္ဆာန်များ အခွင့်အရေး ကာကွယ်မှုဆိုင်ရာ အစွန်းရောက်သမားများ၏ ဆိုးရွားသောလုပ်ရပ်များကို ဝန်ကြီးချုပ်တိုနီဘလဲက ပြစ်တင်ရှုတ်ချပြီး ရက်အနည်းငယ်အကြာတွင် အောက်စဖို့ဒ်တက္ကသိုလ်က ထိုသို့စီစဉ်လာခြင်းဖြစ်သည်။

အောက်စဖို့ဒ်တက္ကသိုလ်က အလိုရှိနေသော တားဝရမ်းထုတ်ပေးခွင့်ပြုလျှင် တာဝန်မဲ့ရာကျမည်ဖြစ်ကြောင်း ယင်းတရားသူကြီး ဟော်လန်က လွန်ခဲ့သည့်လတွင် ပြောကြားသည်။

လန်ဒန်မြို့၌ ယင်းကိစ္စ နောက်ဆုံးကြားနာမှုမှာ သုံးရက်ခန့်ကြာမည်ဟု ခန့်မှန်းရသည်။

(အင်တာနက်)

ဗုံးပေါက်ကွဲမှုတွင် သေဆုံးသူများအား ရည်စူး၍ အထိမ်းအမှတ်ဥယျာဉ် လန်ဒန်၌ တည်ဆောက်မည်

လန်ဒန် မေ ၂၀

လန်ဒန်မြို့တွင် လွန်ခဲ့သောနှစ် ဇူလိုင် ၇ရက်က ဗုံးခွဲတိုက်ခိုက်မှုတွင် သေဆုံးသွားခဲ့သော လူ ၅၂ဦးအားရည်စူး၍ အထိမ်းအမှတ် ဥယျာဉ်တစ်ခု တည်ဆောက်မည် ဖြစ်ကြောင်း ယဉ်ကျေးမှုဝန်ကြီးက မေ၁၇ရက်၌ ပြောကြားသည်။

ယင်းဥယျာဉ်ကို နှစ်ထပ်ဘတ်စ်ကားဗုံးခွဲခံရ၍ လူ၁၃ဦးသေဆုံးခဲ့သော တာဗစ်စတော့စကွဲယားနေရာတွင် တည်ဆောက်ရန် စီစဉ်ထားသည်။

ဒဏ်ရာရရှိ

ပြီးခဲ့သောနှစ်က လန်ဒန်မြို့ မြေအောက်ရထားသုံးစင်းနှင့် ဘတ်စ်ကားများတွင် အစုအပြုံလိုက် သေစေသော ဗုံးဖောက်ခွဲမှုကို ဗုံးခွဲသူလေးဦးက လုပ်ဆောင်ခဲ့ရာ လူ ၇၀၀ခန့်မှာလည်း ဒဏ်ရာရရှိခဲ့သည်။

ရီဂျင့်ဥယျာဉ်တွင် အထိမ်းအမှတ် အခမ်းအနားကျင်းပပြီးနောက် ၂၀၀၆ ခုနှစ် ဇူလိုင် ၇ရက် မွန်းတည့်ချိန်တွင် နှစ်မိနစ်ကြာ ငြိမ်သက်၍ ကျင်းပမည်ဖြစ်ကြောင်း ယဉ်ကျေးမှုဝန်ကြီး ဂျိုဝဲလ်က ပြောကြားသည်။

ပြီးခဲ့သောနှစ် ဇူလိုင်လက လန်ဒန်တွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်ခံရမှုများသည် အင်္ဂလန်နိုင်ငံသမိုင်းတွင် အမည်းစက်ကြီးဖြစ်ခဲ့ပြီး လူ၅၂ဦး၏ မိသားစုများ ဝမ်းနည်းပူဆွေးခဲ့ရကာ ရာချီသောပြည်သူများ ဒဏ်ရာရရှိခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ **အမ်အင်အေ၊ရိုက်တာ**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အမေရိကန်၌ အမျိုးသမီးများ နှိပ်စက်ညှဉ်းပန်းခံရ

ဝါရှင်တန် မေ ၂၀

အမေရိကန်နိုင်ငံတွင် အမျိုးသမီး ၄၀ရာခိုင်နှုန်းကျော်သည် ၎င်းတို့ခင်ပွန်းသို့မဟုတ် ရည်းစားများ၏ ညှဉ်းပန်းနှိပ်စက်မှုခံကြရသည်ဟု ကွင်းဆင်းလေ့လာချက် တစ်ရပ်၌ ဖော်ပြထားသည်။

၎င်းတို့ ခင်ပွန်း သို့မဟုတ် ရည်းစားများ၏ ညှဉ်းပန်းနှိပ်စက်မှုကြောင့်စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာတို့ ထိခိုက်ခဲ့ရသည်ဟု သုတေသနပြုသူများက မေ ၁၇ရက်၌ ပြောကြားသည်။

ခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ အသက်အရွယ်အားဖြင့် ၁၈နှစ်မှ ၆၄နှစ်အရွယ်ရှိ အမျိုးသမီးများကို မေးမြန်းသုတေသန ပြုခဲ့ခြင်းဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ**

ခံစားကြရ

ဒုတိယ လေ့လာဆန်းစစ်ချက်တစ်ရပ်၌မူ အမျိုးသမီးများအနေဖြင့် ၎င်းတို့ ခင်ပွန်း သို့မဟုတ် ရည်းစားများ၏ အနည်းဆုံး လေးကြိမ်ခန့် ရိုက်ပုတ်ခြင်း၊ ကန်ကျောက်ခြင်းနှင့် အခြား ညှဉ်းပန်းနှိပ်စက်မှုများကို ခံစားခဲ့ကြရကြောင်း ကျန်းမာရေး ချို့တဲ့စေသည့် စိတ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုများလည်း ရှိခဲ့ကြောင်း ဖော်ပြထားသည်။

ကူးစက်ရောဂါသဖွယ်

ယခုအခါ အမေရိကန်နိုင်ငံ တစ်ဝန်းတွင် အလားတူဖြစ်ရပ်များ ဖြစ်ပေါ်လျက်ရှိရာ ၎င်းသည် ကူးစက်ရောဂါတစ်ရပ်သဖွယ် ဖြစ်နေသည်ဟု အမေရိကန်နိုင်ငံ ဆက်တဲလ်အခြေစိုက် ကျန်းမာရေး လေ့လာသုတေသနပြုအုပ်စုမှ ဒေါက်တာရောဘတ်သွမ်ဆင်က ပြောကြားသည်။

ယခုကဲ့သို့ လေ့လာသုတေသနပြုခြင်းကို အမျိုးသမီး ၃၄၀၀ကျော်အား ဆန်းစစ်ခဲ့ခြင်းဖြစ်ပြီး လူတွေ့မေးမြန်း

အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး ဘဂ္ဂဒက်မြောက်ဘက်၌သေဆုံး

ဘဂ္ဂဒက် မေ ၁၉

ဘဂ္ဂဒက်မြို့တော် မြောက်ဘက်တွင် ၎င်းတို့စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ်ကို လမ်းဘေးဗုံးခွဲတိုက်ခိုက်ခံရပြီးနောက် အမေရိကန် တပ်ဖွဲ့ဝင်နှစ်ဦး တနင်္လာနေ့က သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်က အင်္ဂါနေ့တွင် ကြေညာသည်။

အမေရိကန် အမှတ်(၄) ခြေလျင်တပ်မ အမှတ်(၃)တိုက်ခိုက်ရေးတပ်မှ တပ်ဖွဲ့ဝင်နှစ်ဦးမှာ ဘဂ္ဂဒက်မြို့တော် မြောက်ဘက် ကီလိုမီတာ ၈၀ခန့် အကွာရှိ ဘာလက်မြို့အနီးတွင် မေ ၁၅ရက်က မိုင်းထိသေဆုံးသွားခြင်း ဖြစ်သည်ဟု ဆို၏။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အကြီးမားဆုံး ပိတ်ပန်းချီကား

ကမ္ဘာ့အကြီးမားဆုံး ပိတ်ပန်းချီကားကြီးတစ်ခုကို တွေ့ရစဉ်။ (အောက်ပုံ)

မလေးရှားနိုင်ငံ အီပို့မြို့တွင် ဒေသခံများကစုပေါင်း၍ အရှည်မီတာ၆၀၊ အနံ၁၂မီတာရှိသော ပိတ်ပန်းချီကားကြီးတစ်ခုကို ပြုလုပ်ခဲ့ကြရာ ၎င်းပိတ်ပန်းချီကားကြီးသည် ကမ္ဘာပေါ်၌ အကြီးမားဆုံး ပိတ်ပန်းချီကားကြီးတစ်ခုဖြစ်ကြောင်း သိရသည်။

(အင်တာနက်)



အလှမွေးငါးများ ဘောလုံးပြိုင်ပွဲ

အလှမွေးငါးများ ဘောလုံးကန်နေကြသည်ကို တွေ့ရစဉ်။ (ဝဲပုံ)

ဂျပန်နိုင်ငံ တိုကျိုမြို့အနီး ယိုကိုဟားမားမြို့ရှိ ရေအောက်ငါးပြတိုက်တစ်ခုတွင် အလှမွေးငါးကလေးများကို အရောင်မတူ နှစ်အုပ်စုခွဲပြီး ၎င်းတို့၏နှုတ်သီး၊ အမြီး၊ ကိုယ်လုံးတို့ဖြင့် ရေအောက်၌ ဘောလုံးကန်ပွဲ ပြုလုပ်ပေးခဲ့သည်။ ၎င်းငါးလေးများ၏ အနိုင်အရှုံးသည် လာမည့်လ၌ ကျင်းပမည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ဂျပန်အသင်း အောင်မြင်မှုရမရကို ကြိုတင်ခန့်မှန်းရန်အတွက် ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

ဂုဏ်ပြုပူဇော်ပွဲ

အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံယူတော်မူခဲ့သည့် ခရမ်းမြို့ ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက် ဦးစီးပဓာန မဟာနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောဘိတ ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားသို့ ကြွရောက်လာစဉ်။ (သတင်းစဉ်)

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်းခံယူတော်မူခဲ့သည့် ဘဒ္ဒန္တသောဘိတအား ဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံယူတော်မူခဲ့သည့် ရန်ကုန်တိုင်း ခရမ်းမြို့ ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန မဟာနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောဘိတအား မေ ၁၄ရက်တွင် ယင်းကျောင်းတိုက်ကြီးရှိ သဒ္ဓမ္မသဘာ နှစ်ထပ်ဓမ္မာရုံကြီး၌ ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို ကျင်းပရာ ရှေးဦးစွာ ကံကြီးကျောင်းဆရာတော် ဓမ္မာစရိယ ဘဒ္ဒန္တဝေပုလ္လက နိမန္တနဂါထာတော်ဖြင့် ပင့်လျှောက်သည်။

ယင်းနောက် ပရိသတ်တို့က ရန်ကုန်မြို့ ရွှေဘုန်းပွင့် ရွှေဘုံသာ ကျောင်းဆရာတော် ဘဒ္ဒန္တဝိစိတ္တာထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တသောဘိတ က ဩဝါဒကထာ ချီးမြှင့်တော်မူ၍ သံဃာတော်များက ပရိတ်တရားတော်များကိုရွတ်ပွား ချီးမြှင့်တော်မူကြသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းဦး၊ ခရမ်းမြို့နယ်အသင်း ဒုတိယဥက္ကဋ္ဌဦးငွေစိုးနှင့် ပရိသတ်တို့က ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက သာသနာရေးဆိုင်ရာများကို လည်းကောင်း၊ ပူဇော်ပွဲကျင်းပရေး ကော်မတီမှ ဦးဝင်းမောင်က ပူဇော်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကိုလည်းကောင်း လျှောက်ထားကြသည်။

ဆက်လက်၍ ရန်ကုန်မြို့ ရွှေဘုန်းပွင့် သီရိမင်္ဂလာကျောင်း ဆရာတော် ဘဒ္ဒန္တဉာဏိဿရကဂုဏပူဇာဂါထာတော်ဖြင့်လည်းကောင်း၊ဝတ်အသင်းသူများက ရှစ်လုံးဘွဲ့ကဗျာများဖြင့်လည်းကောင်း ရွတ်ဖတ်ပူဇော်ကြသည်။

လှူဒါန်းမှုအစုစု

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ညောင်ပင်သာ ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော်ဘဒ္ဒန္တဝိသုက အနုမောဒနာတရားနှင့် ရေစက်ချတရားတို့ကို ချီးမြှင့်တော်မူပြီး ပရိသတ်တို့က လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် ခရမ်းမြို့ ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီးမှ ဓမ္မာစရိယနှင့် မြန်မာပါရဂူ စာမေးပွဲတွင် အောင်မြင်တော်မူခဲ့သော ရှင်ခေမာနန္ဒအား ခရမ်းမြို့နယ်အသင်းက ဆုလက်မှတ်နှင့် ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေပါရမီသွေးလှူဒါန်းပွဲ

ရန်ကုန် မေ ၂၀

ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကဦးဆောင်၍ လေးလတစ်ကြိမ်သွေးလှူဒါန်းပွဲကို မေ၂၂ရက် နံနက်၉နာရီတွင် ရန်ကုန်မြို့ ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန၌ လှူဒါန်းမည်ဖြစ်ရာ ဆရာတော်၏ တပည့် ဒါယကာ ဒါယိကာမများ၊ အလင်းစေတမန်လူငယ်များ၊ ဓမ္မမိတ်ဆွေများနှင့်အတူ မည်သူမဆို ဆရာတော်၏ ဒါနဥပပါရမီကို အတူတကွ ပါဝင်လှူဒါန်းကုသိုလ်ယူနိုင်ပါကြောင်း နှိုးဆော်ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်တာနက် သတင်းနှင့် ဓာတ်ပုံများ



ကင်ဆာဆေးအသစ်များ ဘေးထွက်ဆိုးကျိုးများရှိနေ

ကင်ဆာရောဂါဖြစ်ပွားမှုကို ကာကွယ်ဟန့်တားပေးသော ဆေးဝါးအသစ်များသည် မျိုးဗီဇဖြစ်ပွားမှုကို ထိခိုက်စေကြောင်း ဆေးဘက်ဆိုင်ရာ ပညာရှင်များက ယုံကြည်လျက်ရှိသည်။

ကင်ဆာရောဂါဆေးဝါးအသစ်များသည် ကင်ဆာရောဂါနှင့်ပတ်သက်၍ အကျိုးသက်ရောက်မှု အနည်းနှင့်အများ ရှိကြသော်လည်း ထိုဆေးဝါးများ အသုံးပြုခြင်းကြောင့် အန္တရာယ်များသော ပရိတင်းထွက်ရှိမှု၊ မျိုးရိုး ဗီဇဖြစ်ပွားမှုကို အဟန့်အတားပေးမှုစသည့် ဆိုးကျိုးများလည်းရှိကြောင်း ၎င်းတို့က ပြောကြားသည်။

ချင့်ချင့်ချိန်ချိန်

ထို့ကြောင့် ကင်ဆာရောဂါကုသရာတွင် ဆေးဝါးများအသုံးပြုမှုကို ချင့်ချင့်ချိန်ချိန်သုံးစွဲကြရန်နှင့် ဆေးဝါးအသစ်များကို စနစ်တကျစမ်းသပ်ပြီးမှ သုံးစွဲသင့်ကြောင်းလည်း လန်ဒန်မြို့မှ သုတေသနပညာရှင်များက ပြောကြားသည်။

လက်ခံထား

ကင်ဆာနှင့် အခြားရောဂါများ ကုသရာတွင် အသုံးပြုသော ဆေးဝါးများသည် ခန္ဓာကိုယ်အတွင်း ဘေးထွက် ဆိုးကျိုးအနည်းငယ်ရှိတတ်ကြောင်း ဆရာဝန်များက လက်ခံထားကြသည်။ သို့သော်ဝေဒနာရှင်၏ အသက်အန္တရာယ်နှင့် ပတ်သက်၍ သုံးစွဲရသည်ဖြစ်သည့်အတွက် နည်းစနစ်တကျ သုံးစွဲရန်လိုအပ်ကြောင်းလည်း ပညာရှင်များက အသိပေးထားသည်။ အင်္ဂလန်ရှိ ကင်ဆာရောဂါသုတေသနပြုဌာနမှ အရာရှိတစ်ဦးဖြစ်သည့် အိဒ်ရောင်းက အနာဂတ်ကာလတွင် ယခုထက်ပိုမိုကောင်းမွန်ထိရောက်သော ကင်ဆာရောဂါ ဆေးဝါးထုတ်လုပ်နိုင်မည်ဟု ပြောကြားလိုက်သည်။

(ကိုးကား-အင်တာနက်)

စိတ်ဖိစီးမှုများသော အမျိုးသမီးများ ပေါင်မပြည့်သောကလေးများ မွေးဖွားနိုင်

စိုးရိမ်သောကနှင့် စိတ်ဖိစီးမှုများသော အမျိုးသမီးများသည် သားသမီးမွေးဖွားသောအခါ ပေါင်ချိန်မပြည့်သော ကလေးငယ်များကို မွေးဖွားတတ်ကြသည်ဟု ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူ ပညာရှင်များက ပြောကြားသည်။

စိတ်ဖိစီးမှုရောဂါကြောင့် ကိုယ်ခန္ဓာအတွင်း သွေးလည်ပတ်မှုလျော့နည်းနေးကွေးကာ သားအိမ်အတွင်း သွေးရောက်ရှိမှုလျော့ကျခဲ့၍ ဖြစ်သည်ဟု ပညာရှင်များက ယုံကြည်လျက်ရှိသည်။

သုတေသနပြု

ယခုကဲ့သို့ စစ်ဆေးတွေ့ရှိချက်ကို လန်ဒန်မြို့ ချယ်လ်ဆီးဆေးရုံနှင့် ကွင်းချာလော့တီဆေးရုံတို့မှ ဆရာဝန်များက မိခင်၁၀၀ကျော်ကို လေ့လာသုတေသနပြုခဲ့ရာမှ ရရှိခဲ့သည့်ရလဒ်ဖြစ်ကြောင်း သိရသည်။

သွေးနှင့်အာဟာရ

၎င်းတို့လေ့လာတွေ့ရှိချက်အရ စိုးရိမ်သောကများသူ၊ စိတ်ဖိစီးမှုများသူ မိခင်များအနေဖြင့် သားအိမ်အတွင်းရှိ သန္ဓေသားသို့ လိုအပ်သောသွေးနှင့် အာဟာရများပေးပို့မှု လျော့နည်းခဲ့ကြသည်ဟု ဖော်ပြခဲ့ကြသည်။

မွေးဖွားတတ်ကြ

မိခင်များ၏ စိတ်ပိုင်းဆိုင်ရာ ခံစားမှုများသည် သန္ဓေသားဖွံ့ဖြိုးမှုနှင့် ကျန်းမာသန်စွမ်းမှုကို အကျိုးသက်ရောက်စေကြောင်း၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားရပြီး စိတ်ကျရောဂါနှင့် စိတ်ဖိစီးမှုရောဂါများခံစားနေရသူ အမျိုးသမီးများသည် ရင်သွေးငယ်များ မွေးဖွားသည့်အခါ ပေါင်ချိန်မပြည့်သော သေးငယ်သောကလေးများ မွေးဖွားတတ်ကြသည်ဟုဆို၏။

(ကိုးကား-အင်တာနက်)

နပ်ပကျွန်းအရွယ်အစား ဂြိုဟ်သုံးခုထပ်မံတွေ့ရှိ

ချီလီတယ်လီစကုပ်ကို အသုံးပြုပြီး အာကာသ စူးစမ်းလေ့လာရေး ပြုလုပ်လျက်ရှိသော သိပ္ပံပညာရှင်များအနေဖြင့် အာကာသအတွင်း နေဂြိုဟ်ထက်သေးငယ်ပြီး နပ်ပကျွန်းဂြိုဟ် အရွယ်အစားခန့်ရှိသည့် ဂြိုဟ်သုံးခုကို ရှာတွေ့ရှိခဲ့ကြကြောင်း မေ ၁၇ရက်က သတင်းထုတ်ပြန်သည်။

အကြီးမားဆုံး

အဆိုပါ ဂြိုဟ်များသည် ကြယ်စင်ကြယ်စုများရှိရာ အနီးတွင် တွေ့ရှိရပြီး ကြယ်စင်စုကြီးတစ်ခု သဏ္ဌာန်ကဲ့သို့ ဖြစ်တည်လျက်ရှိကြောင်း သိရသည်။ ထိုဂြိုဟ်များတွင် ယေဘုယျသုံးသပ်ချက်အရ ရေကိုရှာဖွေတွေ့နိုင်ဖွယ်ရှိကြောင်း၊ ထို့အပြင် ဂြိုဟ်တစ်ခုသည် အကြီးမားဆုံး အရွယ်အစား ကြယ်တာရာတစ်ခုနှင့် တူကြောင်း ပညာရှင်များက ပြောကြားသည်။

နပ်ပကျွန်းဂြိုဟ်သဏ္ဌာန်မှ ပထမဆုံးရှာဖွေ တွေ့ရှိခဲ့သည့် ဂြိုဟ်များဖြစ်ကြောင်း ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့မှ နက္ခတ် ပညာရှင် ခရစ်စတိုဖာလိုဗစ်က ပြောကြားသည်။

ယခုကဲ့သို့ ဂြိုဟ်သုံးခု ထပ်မံရှာဖွေတွေ့ရှိမှုကို သဘာဝမဂ္ဂဇင်း၌ မေ၁၈ရက်က ဖော်ပြခဲ့ခြင်းဖြစ်သည်။ ယခုကဲ့သို့ ရှာဖွေတွေ့ရှိခြင်းကို ဆွစ်ဇာလန်နိုင်ငံ ဘီရင်ဖီးဆစ် သိပ္ပံနှင့် ဂျီနီဗာမြို့မှ သိပ္ပံပညာရှင်များအဖွဲ့က ပူးတွဲပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

လေ့လာမှုအကောင်းဆုံး

နက္ခတ်တာရာ ပညာရှင်များအနေဖြင့် ၁၂ပေကျယ်သော အဏုကြည့် မှန်ပြောင်းဖြင့် ဂျီနီဗာမြို့ နေရာဒေသလေးခုမှနေ၍ အာကာသတွင်း ရှာဖွေတွေ့ရှိခဲ့ခြင်း ဖြစ်သည်။

(ကိုးကား-အင်တာနက်)

ရည်မှန်းချက်တာဝန်များ ပြည့်မီကျော်လွန်စေရေးကြိုးပမ်း ဝန်ထမ်းများ၏စွမ်းရည်မြင့်မားရန် လေ့ကျင့်ပျိုးထောင်

ရန်ကုန် မေ ၂၀

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ယမန်နေ့တွင် မန္တလေးတိုင်း တောင်သာမြို့ရှိ ဝင်းသူဇာအရောင်းဆိုင်သို့ရောက်ရှိ၍ စက်မှု(၁)ထုတ်ကုန်ပစ္စည်းများရောင်းချမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် မကွေးတိုင်း ပခုက္ကူမြို့ရှိ မြန်မာ့အထည်အလိပ်လုပ်ငန်း၏ ဆေးဆိုးပန်းရိုက်စက်ရုံသို့ ရောက်ရှိ၍ အနံ့ဆန့်စက်ဖြင့် ပိတ်အနံ့ဆန့်ခြင်းလုပ်ငန်း၊ ပိတ်စစ်ခြင်းလုပ်ငန်းနှင့် စက်ရုံထုတ် ဆေးဆိုးပန်းရိုက်ထည်များကိုလည်းကောင်း၊ ဆေးဆိုးခြင်းလုပ်ငန်းများနှင့်အခြောက်လှမ်းခြင်းလုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်က ရှင်းလင်းတင်ပြသည်။

ကြိုးပမ်းဆောင်ရွက်

ထိုမှတစ်ဆင့် ဝန်ကြီးသည် မြန်မာ့အထည်အလိပ်လုပ်ငန်း၏ ပခုက္ကူချည်မျှင်နှင့်အထည်စက်ရုံသို့ ရောက်ရှိ၍ ဝါဖန်ခြင်းလုပ်ငန်းများကို လည်းကောင်း၊ ဝါဖန်ဌာနရှိ ပြည်တွင်းဖြစ်ချည်မျှင်ရှည်ဝါ (က)အဆင့်နှင့် (ခ)အဆင့်တို့ကိုလည်းကောင်း၊ ဝါလိပ်ခြင်းလုပ်ငန်းကိုလည်းကောင်း၊ ဗိုင်းတောင့်စက် ၂၇ လုံး၏ လုပ်ငန်း လည်ပတ်မှုအခြေအနေများကိုလည်းကောင်း၊ အပင်ပေါင်းစက် ၁၂ လုံး၏ အပင်ပေါင်းခြင်း လုပ်ငန်းများကိုလည်းကောင်း၊ တည်းလုံးစက် ၁၀ လုံး၏ ထုတ်လုပ်မှု၊ ချည်ငင်စက် ၆၂ လုံး၏ ထုတ်လုပ်မှုလုပ်ငန်းများကိုလည်းကောင်း၊ ရက်ကန်းဌာနရှိ ကော်စီကော်စက် ၁၂ လုံးဖြင့် လုပ်ငန်းများဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း၊ စက်ရုံထုတ် ၁/၃၂ စီ ပေါ်ပလင်ပိတ်ညိုနှင့် ၁/၃၂ စီ ပေါ်ပလင်(အဖြူချွတ်ပြီး) ပိတ်များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ရည်မှန်းချက်တာဝန်များပြည့်မီကျော်လွန်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးသည်စက်ရုံ ရှင်းလင်းဆောင်၌ စက်ရုံမှူးနှင့် အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံရာ ရေးဦးစွာ စက်ရုံမှူး ဦးမြင့်သိန်းဦးက စက်ရုံ၏ ထုတ်လုပ်မှုလုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

လက်ဆောင်ပေးအပ်

ယင်းနောက် ဝန်ကြီးက စက်ရုံ၏ အားနည်းချက်၊ အားသာချက်များကို အစဉ်သုံးသပ်၍ ချက်ချင်းပြုပြင်ဆောင်ရွက်သွားရေး၊ ရည်မှန်းချက်တာဝန်များပြည့်မီကျော်လွန်ရန် ယခုကပင် ကြိုးပမ်းဆောင်ရွက်သွားရေး မှာကြားပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပညာရှင်များအား ဂုဏ်ပြုသစ်သီးခြင်းကို လက်ဆောင်အဖြစ်ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးသည် ပခုက္ကူ–မြိုင်ကားလမ်း၏ အရှေ့ဘက် ပခုက္ကူမြို့မှ လေးမိုင်နှစ်ဖာလုံ၌ မြန်မာ့အထည်အလိပ်လုပ်ငန်းက အကောင်အထည်ဖော်လျက်ရှိသော ပခုက္ကူအထည်ချုပ်စက်ရုံ စီမံကိန်းသို့ရောက်ရှိ၍ စက်ရုံဝင်းအတွင်း ပျိုးထောင်ထားသည့် ခြံစည်းရိုးကြက်ဆူပင် ပျိုးပင်များကို ကြည့်ရှုသည်။

ထို့နောက် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် ဝန်ကြီးက စက်ရုံစီမံကိန်း အသစ်ဖြစ်သည်နှင့်အညီ မြို့ပြဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများ၊ အင်ဂျင်နီယာပိုင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများကို အပြန်အလှန်သုံးသပ်ညှိနှိုင်းလျက် စနစ်တကျဆောင်ရွက်သွားရန် မှာကြားသည်။

အဆိုပါ စီမံကိန်း၏ မြေဧရိယာ အကျယ်အဝန်းမှာ ၅၀ ဒသမ ၂၀ ဧကဖြစ်ကြောင်း သိရှိရသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် ပင်မအဆောက်အအုံနှင့်ဆက်စပ်အဆောက်အအုံများ တည်ဆောက်မှုအခြေအနေများကိုလည်းကောင်း၊ သိုလှောင်ရုံအတွင်း ရွှေ့ပြောင်းရောက်ရှိလာသော စက်ကိရိယာများကိုလည်းကောင်း၊ တိုးချဲ့တည်ဆောက်မည့် မြေနေရာကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် ပခုက္ကူမြို့ မြန်မာ့စားသောက်ကုန်လုပ်ငန်း၏ အမှတ်(၂) စီးကရက်စက်ရုံသို့ ရောက်ရှိ၍ စီမံရေးဌာနရှိ ဝန်ထမ်းများအားတွေ့ဆုံကာ နေ့စဉ်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးသည် စက်ရုံရှင်းလင်းဆောင်၌ စက်ရုံမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံရာ ရှေးဦးစွာ စက်ရုံမှူး ဦးခင်မောင်ရင်က စက်ရုံ၏ အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးလှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

လေ့ကျင့်ပျိုးထောင်

ယင်းနောက် ဝန်ကြီးက တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ရည်မှန်းချက်တာဝန်များ ပြည့်မီကျော်လွန်ရန် ယခုကပင် ကြိုးပမ်းဆောင်ရွက်ရေး၊ ဝန်ထမ်းများ၏ စွမ်းရည်မြင့်မားရန် လေ့ကျင့်ပျိုးထောင်သွားရေးတို့ကို ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပခုက္ကူ ချည်မျှင်နှင့်အထည်စက်ရုံ

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မကွေးတိုင်း ပခုက္ကူမြို့ မြန်မာ့အထည်အလိပ်လုပ်ငန်း၏ ပခုက္ကူချည်မျှင်နှင့်အထည်စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု–၁)

ဆူးလေစေတီတော် ဘက်စုံမွမ်းမံပြုပြင်လည်တည်ဆောက်ရေး ရွှေစင်ရွှေပြားရွှေသင်္ကန်းတော်နှင့် အလှူတော်ငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် မေ ၂၀

ဆူးလေစေတီတော် ဘက်စုံမွမ်းမံ ပြန်လည်တည်ဆောက်ရေး ရွှေစင်ရွှေပြား ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ရေးအတွက် အကြိမ်(၃၁၀)မြောက် အလှူတော်ငွေ ပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ဆူးလေစေတီတော်မြတ်ကြီး၏ ကျက်သရေဆောင်ခန်းမ၌ကျင်းပရာ ဘက်စုံမွမ်းမံပြန်လည်တည်ဆောက်ရေး ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဂေါပကအဖွဲ့ဝင် ဦးအုန်းမောင်နှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဧည့်သည်တော်များနှင့် အလှူရှင်များတက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး အလှူငွေပေးအပ်ပွဲအခမ်းအနားကိုကျင်းပရာ အလှူရှင် ၆၅ ဦးက ကိုးလက်မပတ်လည် ရွှေစင်ရွှေပြား အချပ် ၆၀ အပါအဝင် အလှူတော်ငွေ ၆၈၃၄၃၁၂၄ ကျပ်ကို လှူဒါန်းကြရာ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များက အလှူတော်ငွေများကို လက်ခံပြီး အလှူရှင်များသို့ သာဓုအနုမောဒနာ ဂုဏ်ပြုမော်ကွန်းလွှာများကို အသီးသီး ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ဆူးလေစေတီတော် ဂေါပကအဖွဲ့ဝင် ဩဝါဒါစရိယ မဟာသိမ်တော်ကြီးကျောင်း ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီးနောက် ရွှေသင်္ကန်းကပ်လှူရေး လုပ်ငန်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဂေါပကအဖွဲ့ဝင် ဦးအုန်းမောင်က လှူဒါန်းမှု အစုစုအတွက် ရေစက်ချပေးရန် လျှောက်ထားကာ ရေစက်ချပွဲ အခမ်းအနားကို ကျင်းပပြီး အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ၃၁ လမ်း အမှတ် ၇၁ ပထမထပ်ရှိ ဆူးလေစေတီတော် ရောင်တော်ဖွင့်အဖွဲ့ အသင်းသူအသင်းသားများက ရွှေသင်္ကန်းကပ်လှူရန် အလှူတော်ငွေကျပ်တစ်သိန်းကို ဂေါပကအဖွဲ့ဝင် ဦးမျိုးခင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

မြန်မာ့ရုပ်မြင်သံကြား

၂၁–၅–၂၀၀၆ရက်

(တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈:၀၅ ၆။ အတီးပြိုင်ပွဲ
- ၈:၁၀ ၇။ မိုးယွန်းကြိုးရေထိန်းတံခါး
- ၈:၂၀ ၈။ အဆိုပြိုင်ပွဲ
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Say it in English
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၄၀ ၄။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "Doraemon"
- ၁၂:၀၀ ၅။ တိုးတက်သာယာ ထိန်တောစံပြကျေးရွာ
- ၁၂:၁၀ ၆။ မြန်မာဗီဒီယိုဇာတ်လမ်း **“သစ္စာမှန်လျှင် ကံမလွဲပါ”** ဝေဠုကျော်၊ ခိုင်သင်းကြည်၊ ချိုပြုံး (ဒါရိုက်တာ–စိုးကျော်ဆန်း)
- ၁၃:၄၀ ၇။ အဆိုပြိုင်ပွဲ
- ၁၃:၅၀ ၈။ ရွှေလောင်းတံတား
- ၁၄:၀၅ ၉။ အကပြိုင်ပွဲ
- ၁၄:၂၀ ၁၀။ **“သူငယ်ချင်းမရှိတဲ့ဥပဒေ”** မင်းဝေ၊ ခင်ဇာခြည်ကျော်၊ ဇေကရီကျော်ကျော် (ဒါရိုက်တာ–မောင်ယဉ်ကျော်)
- ၁၄:၃၀ ၁၁။ အတီးပြိုင်ပွဲ
- ၁၄:၄၅ ၁၂။ International News
- ၁၅:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ရုက္ခဗေဒအထူးပြု) [ရုက္ခဗေဒ]
- ၁၆:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇:၁၀ ၆။ တေးဂီတအစီအစဉ်
- ၁၇:၂၅ ၇။ ဆိုကြမယ် ပျော်ကြမယ်
- ၁၈:၀၀ ၈။ ညနေခင်းသတင်း
- ၁၈:၃၀ ၉။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၀။ Discovery
- ၁၈:၄၅ ၁၁။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
- ၁၈:၅၅ ၁၂။ တေးဂီတအစီအစဉ်
- ၁၉:၁၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ကံကောင်းခြင်းအိပ်မက်”** (အပိုင်း–၁၆)
- ၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ချစ်မိပြီဆိုရင်”** (အပိုင်း–၄၆)

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ဦးဆောင်မှုဖြင့် တာမွေမြို့နယ်အတွင်း ကွပ်ကဲ အုပ်စုများ၌ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများမှ ဝမ်းရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး ပညာပေးဟောပြောပွဲများကျင်းပခဲ့ရာ မေ ၉ ရက်က ကွပ်ကဲ(၁)တွင် ဟောပြောစဉ်။ (၁၁၅)

မွေးနေ့အထိမ်းအမှတ်ငွေလှူဒါန်း

ရန်ကုန် မေ ၂၀

ကုသိုလ်ရှင် ဗဟန်းမြို့နယ်... ဣန္ဒာသယ မဟာဒ္ဒိစေ ဗဟိုသာသနာပြုအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ကျော်–ဒေါ်မြတ်နွယ်မိသားစုက အသက် ၇၀ ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ယနေ့နံနက်က နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ အလှူငွေကျပ် တစ်သိန်း၊ ဓိဝိတဒါန သံဃာ့ဆေးရုံကြီးသို့ အလှူငွေကျပ် တစ်သိန်းနှင့် စမ်းချောင်းမြို့နယ် မြသိန်းတန်စေတီရုံ ဗုဒ္ဓမြတ်စွယ်တော်ကျောင်းဆောင် ဆောက်လုပ်ရေးအတွက် အလှူငွေကျပ် တစ်သိန်းစီကို လှူဒါန်းခဲ့ကြောင်း သိရသည်။

(က–ပ)

ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်(နိုင်ငံရေးရာ)နှင့် အဖွဲ့ဝင်များ ရွှေတိဂုံစေတီတော် ကြည်ညို၊ မူးယစ်ဆေးဝါးပြတိုက်လေ့လာ ဘင်္ဂါလီ စွန္နီဂျာမေ ဗလီဝတ်ကျောင်းတော်၌ ဝတ်ပြုကိုးကွယ်

ရန်ကုန် မေ ၂၀

ရန်ကုန်မြို့တွင် ရောက်ရှိနေသော ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် (နိုင်ငံရေးရာ) မစ္စတာ အီဘရာဟင်၊ အေ၊ ဂမ်ဘာရီနှင့် အဖွဲ့ဝင်များသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီးနှင့် အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးသောင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် မေ ၁၈ ရက် ည ၉ နာရီခွဲတွင် ရွှေတိဂုံစေတီတော်သို့ရောက်ရှိ၍ ရွှေစေတီတန်ဆောင်း၌ ရွှေတိဂုံစေတီတော်ပုံတူစေတီအား ကြည်ညိုကြကာ ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး စေတီတော်အား လက်ယာရစ်တစ်ပတ်ကြည်ညိုကြသည်။

ရန်ကုန်မြို့တွင် ရောက်ရှိနေသော ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် (နိုင်ငံရေးရာ)မစ္စတာ အီဘရာဟင်၊ အေ၊ ဂမ်ဘာရီနှင့်အဖွဲ့ဝင်များ ရွှေတိဂုံစေတီတော်အား လှည့်လည်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

လက်မှတ်ရေးထိုး

အလားတူ ကုလသမဂ္ဂ ဒုတိယ အတွင်းရေးမှူးချုပ် (နိုင်ငံရေးရာ) မစ္စတာအီဘရာဟင်၊ အေ၊ ဂမ်ဘာရီနှင့် အဖွဲ့ဝင်များသည် မေ၁၉ရက်တွင် ရန်ကုန်မြို့ကမာရွတ်မြို့နယ်ကျွန်းတောလမ်းနှင့် ဟံသာဝတီလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီ၊ တွဲဖက် အတွင်းရေးမှူး ရဲမှူးကြီး ခမ်းအောင်၊ ပြတိုက်တာဝန်ခံ ဒုတိယ ရဲမှူးကြီး ဌေးအောင်နှင့် တာဝန်ရှိသူတို့က ပြခန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြ၍ ပြတိုက်အတွင်းကြည့်ရှုလေ့လာကြပြီး ပြတိုက်ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

ဂုဏ်ပြုလက်ဆောင်ပေး

ထို့နောက် ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီက ဧည့်သည်တော် ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် (နိုင်ငံရေးရာ) မစ္စတာ အီဘရာဟင်၊ အေ၊ ဂမ်ဘာရီအား ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။

ထို့အတူ ကုလသမဂ္ဂ ဒုတိယ အတွင်းရေးမှူးချုပ်(နိုင်ငံရေးရာ)မစ္စတာ အီဘရာဟင်၊ အေ၊ ဂမ်ဘာရီသည် မေ၁၉ရက် ညနေ ၅နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဆူးလေဘုရားလမ်းရှိ ဘန်ဂါလီ စွန္နီ ဂျာမေဗလီဝတ်ကျောင်းတော် (Bengali Sunni Jameh Mosque) သို့ ရောက်ရှိ၍ ဝတ်ကျောင်းတော်၌ဝတ်ပြုကိုးကွယ်ပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

နှုတ်ခွန်းဆက်

ယင်းနောက် ဧည့်သည်တော် ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် (နိုင်ငံရေးရာ) က ဝတ်ကျောင်းတော် အုပ်ချုပ်ရေး အဖွဲ့ဝင်များနှင့် တက်ရောက်လာကြသူများအား နှုတ်ခွန်းဆက်စကားပြောကြားပြီး ဝတ်ကျောင်းတော် အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဧည့်သည်တော် ကုလသမဂ္ဂ ဒုတိယ အတွင်းရေးမှူးချုပ် (နိုင်ငံရေးရာ)အား အမှတ်တရ လက်ဆောင်များ ပေးအပ်သည်။ **(သတင်းစဉ်)**

ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် (နိုင်ငံရေးရာ) မစ္စတာ အီဘရာဟင်၊ အေ၊ ဂမ်ဘာရီနှင့် အဖွဲ့ဝင်များ မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက်တွင် ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်(နိုင်ငံရေးရာ) မစ္စတာ အီဘရာဟင်၊ အေ၊ ဂမ်ဘာရီ ကျောက်တံတားမြို့နယ် ဆူးလေဘုရားလမ်းရှိ ဘန်ဂါလီစွန္နီဂျာမေဗလီဝတ်ကျောင်းတော်၌ ဧည့်သည်တော်မှတ်တမ်း စာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့ဝန်းကျင် မိုင်(၃၀)ပတ်လည် စိမ်းလန်းစိုပြည်ရေးဆောင်ရွက်

ရန်ကုန် မေ ၂၀

ရန်ကုန်မြို့ဝန်းကျင် မိုင်(၃၀)ပတ်လည် စိမ်းလန်းစိုပြည်ရေး ဇုန်နယ်မြေ(၄) လုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ၁၉ရက် ညနေ ၃ နာရီက ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မစိုးစိုက်ပျိုးမွေးမြူရေးနှင့် အပန်းဖြေစခန်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အစည်းအဝေးသို့ ဇုန်နယ်မြေ(၄)လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါနှင့် လုပ်ငန်းကော်မတီဝင်များ၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်း၊ မြို့နယ်နှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရန်ကုန်မြို့ဝန်းကျင် မိုင်(၃၀)ပတ်လည် စိမ်းလန်းစိုပြည်ရေး ဇုန်နယ်မြေ(၄) လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယ မြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက အမှာစကားပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီဝင်များ ဇုန်နယ်မြေ(၄) အတွင်းရှိ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်များနှင့် ကျေးရွာများမှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ တာဝန်ရှိသူများက ၂၀၀၅-၂၀၀၆ ခုနှစ်အတွင်း ဇုန်နယ်မြေ(၄) စိမ်းလန်းစိုပြည်ရေးအတွက် သတ်မှတ်လျာထားချက်နှင့်အညီ နွေစပါး၊ မိုးစပါး၊ ဆီထွက်သီးနှံ၊ ပဲအမျိုးမျိုး၊ ဟင်းသီးဟင်းရွက် သီးနှံပင်များ စိုက်ပျိုးခဲ့မှုနှင့် ၂၀၀၆-၂၀၀၇ ခုနှစ်တွင်လည်း သတ်မှတ်လျာထားချက်နှင့်အညီ ဆက်လက်စိုက်ပျိုးသွားမည့် အစီအမံများအပြင် ခြံစည်းရိုးကြက်ဆူပင်များကိုပါ ဖြည့်စွက်စိုက်ပျိုးသွားမည့် အခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ဇုန်နယ်မြေ(၄) လုပ်ငန်းကော်မတီဥက္ကဋ္ဌက လိုအပ်ချက်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် ဇုန်နယ်မြေ(၄)လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယ မြို့တော်ဝန်သည် ဇုန်နယ်မြေ(၄)အတွင်း စိမ်းလန်းစိုပြည်ရေးအတွက် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် ရှမ်းတဲကြီးကျေးရွာအနီး အမှတ်(၂) လမ်းမကြီးဝဲယာတစ်လျှောက်၌ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ **(သတင်းစဉ်)**

အမှတ်(စီ-၅၁) ပိတောက်ဝါ ၈လမ်း FMI City°နေ မောင်အောင်ကိုညွှန့်နှင့် မဖြူဖြူတင်တို့က ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ မင်္ဂလာဦးအလှူငွေ ကျပ်တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဒုတိယဗိုလ်မှူးကြီး ဘဉာဏ်(ငြိမ်း) လက်ခံယူစဉ်။ (က-ပ)

ရုပ်ရှင်ဇာတ်ညွှန်းပညာ ဟောပြောဆွေးနွေးပွဲကျင်းပမည် စိတ်ပါဝင်စားသူတိုင်း အခမဲ့တက်ရောက်လေ့လာဆွေးနွေးနိုင်

ရန်ကုန် မေ ၂၀

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၏ ဇာတ်လမ်းဇာတ်ညွှန်း အခြေခံအလွှာက ရုပ်ရှင်ဇာတ်ညွှန်းပညာနှင့် ပတ်သက်သော ဟောပြောဆွေးနွေးပွဲများကို လစဉ်ကျင်းပလျက်ရှိရာ လာမည့် မေ ၂၇ရက်(စနေနေ့)မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ ဝင်္ကပါလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ ရုပ်ရှင်သင်တန်းခန်းမ၌ တတိယအကြိမ် ကျင်းပမည်ဖြစ်သည်။

ယခုဆွေးနွေးပွဲတွင် ကမ္ဘာ့အကောင်းဆုံးဇာတ်ညွှန်းတစ်ပုဒ်အဖြစ် အနောက်တိုင်း ရုပ်ရှင်ပညာရှင်များ၏ ရွေးချယ်ခြင်းခံရသော CASABLANCA ဇာတ်ကားကို ကြည့်ရှုလေ့လာပြီး ဇာတ်ညွှန်းပညာကို ဟောပြောဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲတွင် ဦးမြင့်သိန်းဖေ(ညွှန်ကြားရေးမှူး၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း)၊ အကယ်ဒမီ ဦးထွန်းလှိုင် (ရုပ်ရှင်ဒါရိုက်တာနှင့် ဓာတ်ပုံပညာရှင်)၊ ဦးမိုးသူ (ဇာတ်ညွှန်းဆရာ၊ ဒါရိုက်တာနှင့် ဘာသာပြန်စာရေးဆရာ)၊ ဦးဖိုးသောကြာ (ဇာတ်ညွှန်းဆရာ၊ ရုပ်ရှင်ဝေဖန်ရေး၊ စာရေးဆရာ)တို့က ဦးဆောင်ဆွေးနွေးကြမည်ဖြစ်သည်။

စိတ်ပါဝင်စားသူတိုင်း အခမဲ့ တက်ရောက်လေ့လာဆွေးနွေးနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသင်တန်းများဆင်း

နေပြည်တော် မေ ၂၀

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ဖွင့်လှစ်ပို့ချသော Server Operation Training Course နှင့် Database Management System Course သင်တန်းများဆင်းပွဲကို ယမန်နေ့ နံနက်၉နာရီတွင် နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနဝန်ကြီးရုံး၌ကျင်းပရာ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ e-National Task Force ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့်၊ အထူးအရာရှိနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် သင်တန်းဆရာ ဆရာမများ၊ သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

ပို့ချပေး

သင်တန်းဆင်းပွဲတွင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က အမှာစကား ပြောကြားပြီး သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းသား ကိုယ်စားလှယ် တစ်ဦးအား ပေးအပ်ချီးမြှင့်သည်။ အဆိုပါ သင်တန်းမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်ပြီး Server Operation Training Course မှာ Linux Software သုံးစွဲသူများသိသင့်သိထိုက်သည့် အခြေခံအချက်များ၊ Linux Server ချိတ်ဆက်အသုံးပြုပုံများ၊ Root User အနေဖြင့် Server ကိုမည်ကဲ့သို့ ပြုပြင်ထိန်းသိမ်း စီမံခန့်ခွဲမှုများ ဆောင်ရွက်နိုင်ရန်ပို့ချသည့် သင်တန်းဖြစ်ပြီး Database Management System Course (DBMS) မှာ Database တစ်ခု တည်ဆောက်ပုံ၊ ဖျက်သိမ်းပုံ၊ စီမံခန့်ခွဲ ထိန်းချုပ်ပုံ၊ Program များစတင်အသုံးပြုပုံ၊ အဆုံးသတ်ပုံနှင့် Database ထဲတွင်ရှိသည့် အချက်အလက်များကို နည်းလမ်းမျိုးစုံဖြင့် ကြည့်ရှုစုံစမ်းပုံများကို ပို့ချပေးသည့် သင်တန်းများဖြစ်သည်။

တက်ရောက်

အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၇၃ ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ဖွင့်လှစ်သော Server Operation Training Course နှင့် Database Management System Course သင်တန်းများဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။

(ဆက်သွယ်ရေး)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်း

နေပြည်တော် မေ ၂၀

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က နေပြည်တော်ရှိ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့အစည်းအဝေးခန်းမ၌ကျင်းပရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်က အဖွင့်အမှာစကားပြောကြားပြီး အဖွဲ့ဝင်များ ဖြစ်ကြသော ဦးအောင်မြင့်နှင့် ဦးလှမြင့်ဦးတို့က ဖြည့်စွက်မှာကြား၍ ပါမောက္ခချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်များက လုပ်ငန်းဆောင်ရွက်မှုများနှင့် ဆက်လက်ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (ဝန်ထမ်း/လေ့ကျင့်ရေး)

နိုင်ငံ့ဂုဏ်ဆောင်အောင်နိုင်ရေး ဇွဲ၊စိတ်ဓာတ်၊စည်းကမ်း လေ့ကျင့်မှုအပြည့်အဝဖြင့် အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်

ရန်ကုန် မေ ၂၀

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့ ညနေ ၄နာရီတွင် ရန်ကုန်မြို့ အမျိုးသားအားကစား ပြိုင်ပွဲရုံ(၁) ပတ္တမြားခန်းမ၌ ၂၀၀၆ခုနှစ် မေ၂၉ရက်မှ ဇွန်၂ရက်အထိ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့တွင် ကျင်းပမည့် ၂၀၀၆ခုနှစ် အာဆီယံဘောလုံးအဖွဲ့ချုပ် အမျိုးသမီးဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ဒေါက်တာ ပင်ဒိုရာအောင်ကြီး ခေါင်းဆောင်သည့် အုပ်ချုပ်သူ၊ နည်းပြဆရာနှင့် အားကစားသမား စုစုပေါင်းအဖွဲ့ဝင်၂၅ဦးပါဝင်သည့် မြန်မာအမျိုးသမီးဘောလုံးအဖွဲ့၊ ၂၀၀၆ ခုနှစ် မေ၂၉ရက်မှ ဇွန်၄ရက်အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ကျင်းပမည့် အသက်(၁၄)နှစ်အောက် အာရှလူငယ်ဘောလုံးပွဲတော်သို့ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနှင့် ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမောင်ကြီး ခေါင်းဆောင်သော အုပ်ချုပ်သူ၊ နည်းပြဆရာနှင့် အားကစားသမားစုစုပေါင်း အဖွဲ့ဝင်၂၂ဦးပါဝင်သည့် မြန်မာလူငယ်ဘောလုံးအဖွဲ့နှင့် ၂၀၀၆ခုနှစ် မေ၂၄ရက်မှ ၃၁ရက်အထိ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ ကျင်းပမည့် လေးနိုင်ငံဖိတ်ခေါ် ပိုက်ကျော်ခြင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဗိုလ်ကြီးကျော်ဇင်မိုး ခေါင်းဆောင်သည့် အုပ်ချုပ်သူ၊ နည်းပြဆရာနှင့် အားကစားသမား စုစုပေါင်း အဖွဲ့ဝင်၁၁ဦးပါဝင်သည့် မြန်မာပိုက်ကျော်ခြင်းအဖွဲ့တို့အား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

မိတ်ဆက်ပေး

ရှေးဦးစွာ ဝန်ကြီးအား ပြည်ပသို့သွားရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့ဝင်များနှင့် တစ်ဦးချင်းမိတ်ဆက်ပေးသည်။

ဆက်လက်၍ ပြည်ပသို့ သွားရောက်ယှဉ်ပြိုင်ကြမည့် အားကစားအဖွဲ့ချုပ်များက မိမိတို့နှင့် သက်ဆိုင်ရာ ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို အသီးသီးရှင်းလင်းတင်ပြကြသည်။

အစွမ်းကုန်

ထို့နောက် ဝန်ကြီးက အားကစားအဖွဲ့များအနေဖြင့် နိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ကြခြင်းဖြစ်၍ နိုင်ငံ့ဂုဏ်ဆောင်အောင်နိုင်ရေးအတွက် ဇွဲ၊စိတ်ဓာတ်၊စည်းကမ်း၊ လေ့ကျင့်မှု အပြည့်အဝဖြင့် အကောင်းဆုံးဖြစ်အောင် အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်ကြရန် မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✡ ကျောဖုံးမှ

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ နယူးယောက်မြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာ အမြဲတမ်းကိုယ်စားလှယ်သံအမတ်ကြီး ဦးကျော်တင့်ဆွေ၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြန်လည်လိုက်ပါ

မစ္စတာ အီဘရာဟင်၊ အေ၊ ဂမ်ဘာရီနှင့်အတူ ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဌာနခွဲမှ ညွှန်ကြားရေးမှူး မစ္စတာမိုက်ကယ် ဗီလီယံနှင့် ဒုတိယညွှန်ကြားရေးမှူး မစ္စဘန်ယောင်ချူးတို့ ပြန်လည်လိုက်ပါသွားကြသည်။

တွေ့ဆုံဆွေးနွေးခဲ့

ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်(နိုင်ငံရေးရာ)မစ္စတာ အီဘရာဟင်၊ အေ၊ ဂမ်ဘာရီသည် မြန်မာနိုင်ငံတွင်ရှိနေစဉ်အတွင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား တွေ့ဆုံဂါရဝပြုခဲ့သည်။ ထို့အတူ ၎င်းသည် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးသောင်းတို့နှင့်တွေ့ဆုံဆွေးနွေးခဲ့သည်။ ထို့အပြင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်တို့မှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

(သတင်းစဉ်)

ဒုတိယမြို့တော်ဝန် အခွန်လွတ်ဈေးများကြည့်ရှုစစ်ဆေး ပုဂ္ဂလိကဆန်၊ဆီလုပ်ငန်းရှင်များနှင့်တွေ့ဆုံဆွေးနွေး

ရန်ကုန် မေ ၂၀

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် ဈေးများဌာန ဌာနမှူး ဦးစိုးမြင့်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက် ၆ နာရီခွဲတွင် လှိုင်သာယာမြို့နယ်ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ လှိုင်သာယာအခွန်လွတ်ဈေးသို့ရောက်ရှိပြီး ဈေးအတွင်း လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ညောင်နှစ်ပင် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်ငါးမွေးမြူရေး အထူးဇုန်၊ ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီတပ်နယ်၊ ဝန်ကြီးဌာနဆိုင်ရာများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ ပုဂ္ဂလိကအသင်းအဖွဲ့များနှင့် ကိုယ်တိုင်ထုတ်လုပ်သူများ၏ အရောင်းဆိုင်များမှ ဟင်းသီးဟင်းရွက်၊ သား၊ငါး၊ဆန်၊ဆီ၊ကြက်ဥ၊ကုန်ခြောက်နှင့် လူသုံးကုန်ပစ္စည်းများ ရောင်းချနေမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံဆွေးနွေး

ဆက်လက်၍ ဒုတိယမြို့တော်ဝန်သည် ရွှေပြည်သာမြို့နယ် ကိုယ်တိုင်ထုတ်လုပ်သူများ၏ ရွှေပြည်သာအခွန်လွတ်ဈေးသို့ လည်းကောင်း၊ ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ ဟံသာဝတီ အခွန်လွတ်ဈေးသို့လည်းကောင်းသွားရောက်ပြီး ဈေးများအတွင်း ရန်ကုန်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်နယ်၊ တပ်ရင်းများ၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းနှင့် ပုဂ္ဂလိကကိုယ်တိုင် ထုတ်လုပ်သူများ၏ အရောင်းဆိုင်များမှ ဟင်းသီးဟင်းရွက်၊ကြက်၊ဝက်၊အမဲ၊ ငါး၊ ဆန်၊ ဆီ၊ ကြက်ဥ၊ ကုန်ခြောက်နှင့် လူသုံးကုန်ပစ္စည်းများ တည်ခင်းရောင်းချနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဟံသာဝတီ အခွန်လွတ်ဈေးတာဝန်ခံရုံး ရှင်းလင်းဆောင်၌ ပုဂ္ဂလိကဆန်၊ ဆီလုပ်ငန်းရှင်များအား တွေ့ဆုံဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယမြို့တော်ဝန်သည် မင်္ဂလာတောင်ညွန့်မြို့နယ် သံသုမာလမ်းနှင့် အထက်ပုဇွန်တောင်လမ်းဆုံရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာနအောက်ရှိ ကြက်၊ဘဲဈေးသို့ သွားရောက်၍ ဈေးအတွင်း ကြက်၊ ဘဲများ ဝင်ရောက်မှုနှင့် ရောင်းဝယ်ဖောက်ကားမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

ဟင်းသီးဟင်းရွက်စားသောက်စရာ အန္တရာယ်ကင်းဖို့သတိပြုလိုက်နာ

လူတို့ကျန်းမာကြံ့ခိုင်သန်စွမ်းစေရန် နေ့စဉ်စားသောက်သည့် အစားအစာများတွင် ရောဂါကာကွယ်နိုင်သည့် ဗီတာမင်သက်စောင့်ဓာတ်များနှင့် သတ္တုဓာတ်များပါဝင်သည့် ဟင်းသီးဟင်းရွက်များနှင့် အသီးအနှံများကိုပါ စားသုံးရန်လိုအပ်ပါသည်။

ဟင်းသီးဟင်းရွက်များနှင့် အသီးအနှံများစားသုံးရာတွင် သဘာဝအတိုင်းမဟုတ်ဘဲပြုပြင်ထားသော ဟင်းသီးဟင်းရွက်သစ်သီးဝလံများ၊ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာစသည့် ဓာတုပစ္စည်းများပါဝင်သည့် ဟင်းသီးဟင်းရွက်များကို စားသုံးမိခြင်းကြောင့် ဝမ်းပျက်ဝမ်းလျှောခြင်း၊ ဗိုက်ရစ်နာ၍အော့အန်ခြင်း၊ ခေါင်းကိုက်မူးဝေခြင်း၊ ဦးနှောက်နှင့် အာရုံကြောထိခိုက်ခြင်း၊ မျိုးပွားနိုင်စွမ်းလျော့နည်းခြင်း၊ သန္ဓေသားချို့ယွင်းမှုဖြစ်ခြင်း၊ နှင်းခူရောဂါဖြစ်ခြင်း၊ ကင်ဆာရောဂါများဖြစ်ပွားခြင်းစသည့် ကျန်းမာရေးပြဿနာများ ဖြစ်ပွားတတ်ပါသည်။

သို့ပါ၍ ဟင်းသီးဟင်းရွက်နှင့်အသီးအနှံများစားသုံးရာတွင် ကျန်းမာရေးနှင့်ညီညွတ်ပြီး ဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် အောက်ပါအချက်များကို သတိပြုလိုက်နာကြရန် လိုအပ်ပါသည်။

လိုက်နာရမည့်အချက်များ

၁။ သဘာဝအတိုင်းစိုက်ပျိုးရောင်းချသော ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို စားသုံးပါ။

၂။ ဓာတုဆေးများအသုံးပြု၍ ဝါဝင်းနေအောင်ပြုလုပ်ထားသော သစ်သီးများကို စားသုံးခြင်းမှ ရှောင်ကြဉ်ပါ။

၃။ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံစိုက်ခင်းများတွင် အသုံးပြုသည့် ပိုးသတ်ဆေးများနှင့် ဓာတုပစ္စည်းများ အစားအသောက်များထဲတွင် မပါဝင်စေရန် ဟင်းသီးဟင်းရွက်များကို မလှီးမဖြတ်ခင် ရေသန့်သန့်နှင့် စင်ကြယ်စွာဆေးကြောပါ။

၄။ ဟင်းသီးဟင်းရွက်များကို ချက်ပြုတ်စားသောက်ပါ။

၅။ အစိမ်းစားမည့်ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို ရေသန့်သန့်ဖြင့်အထပ်ထပ်ဆေးပြီးမှ စားသုံးပါ။

ကျန်းမာရေးဝန်ကြီးဌာန။

ရှမ်းပြည်နယ်မှာ ရွာတဲ့မိုး

(က)

ရှမ်းပြည်နယ်မှာ ရွာတဲ့မိုး သွန်းဖြိုးထန်သည်းပုံမှာ ချောင်းလုံးလျှံကန်လုံးပြည့်ဖြစ်လေ၏။ မနားမရပ် တရစပ်ဖြင့် မပြတ်သွန်းလိုက်သည်မှာ မိုးပွင့်မိုးစက် မြေထက်အပြည့်ဖြစ်လေ၏။ ရှမ်းပြည်နယ်မှာ ရွာတဲ့မိုး ဘယ်လိုမိုးလဲ ဘာမိုးလဲ။

ရှမ်းပြည်နယ်မှာ ရွာတဲ့မိုး ပညာမိုး၊ သုတမိုး၊ စာပေမိုး၊ ပညာ၊သုတ စာပေတို့အတွက် ဒါနမိုး၊ စာဂမိုး၊ စေတနာမိုး။

(ခ)

ပထမဦးစွာ လားရှိုးမှာရွာတဲ့မိုးအကြောင်း မှတ်တမ်းတင်ကြပါမည်။ ၂-၅-၂၀၀၆ရက်နေ့မှာ လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပသော ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်လုံးကျွတ် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်လှစ်ပြီးစီးခြင်း အထိမ်းအမှတ်နှင့် စာကြည့်တိုက်များ အတွက် ငွေပဒေသာပင်၊ ရုပ်မြင်သံကြားပြစက်၊ ရေဒီယိုနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနား။

ယင်းအခမ်းအနားသို့ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ စေတနာရှင် အလှူရှင်များ၊ မြို့မိမြို့ဖ တိုင်းရင်းသားခေါင်းဆောင်များ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြပါသည်။

မိမိတို့နိုင်ငံသည် ကမ္ဘာတွင် ကျေးရွာတိုင်း စာကြည့်တိုက်ရှိသည့် ပထမဦးဆုံးနိုင်ငံအဖြစ် ဂုဏ်ယူနိုင်ပြီ။

ထိုအခမ်းအနား၌ ဒေသအာဏာပိုင်များ၊ ဒေသအဖွဲ့အစည်းများ၊ တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် ပုဂ္ဂလိကတို့၏ စေတနာများကြောင့် ထင်ရှားစွာဖြစ်ထွန်းလာသော အလှူဝတ္ထုများမှာ စာကြည့်တိုက်ငွေပဒေသာပင်စိုက်ထူရန် ငွေသားကျပ် ၆၁ သိန်းကျော်၊ စာအုပ်ပေါင်း ၄၂၀၈၃ အုပ်(တန်ဖိုးငွေကျပ် ၂၈၇ သိန်းကျော်)၊ ရောင်စုံရုပ်မြင်သံကြားပြစက် ၃၃ လုံး (တန်ဖိုးငွေကျပ်၅၄ သိန်းကျော်)နှင့် ရေဒီယို၁၀၁ လုံးတို့ ဖြစ်ကြရာ စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၄၁၈ သိန်းကျော်ဖြစ်ပါသည်။

ယင်းအခမ်းအနား၌ပြောကြားသော အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ အမှာစကားကောက်နုတ်ချက်မှာ ဤသို့ ဖြစ်ပါ၏။

“နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်တည်ဆောက်ရာတွင် အသိပညာရှင်၊ အတတ်ပညာရှင်များ၏ အခန်းကဏ္ဍသည် အလွန် အရေးပါကြောင်း၊ နိုင်ငံတော်အတွင်း၌ရှိသည့် ကျေးလက်ပြည်သူများ အပါအဝင် လူထုလူတန်းစားအားလုံးတို့အနေဖြင့် အသိပညာဗဟုသုတပြည့်ဝရန်၊ အတွေးအခေါ်မှန်ကန်ရန် အထူးလိုအပ်ကြောင်း၊ ပြည်သူများ အတွေးအခေါ် မှန်ကန်ရန်နှင့် အသိပညာဗဟုသုတရရှိရေးတို့အတွက် နိုင်ငံတော်အကြီးအကဲက အမြော်အမြင်ကြီးမားစွာဖြင့် ကျေးရွာတိုင်း၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို မဖြစ်မနေဖွင့်လှစ် ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ပြည်နယ်နှင့် တိုင်းအလိုက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း”

“စာကြည့်တိုက်များသည် စာအုပ်၊စာတမ်း၊ ဂျာနယ်၊ မဂ္ဂဇင်းများကို လေ့လာဖတ်ရှုရန် စုဆောင်းသိုမှီးထားသော နေရာဌာနတစ်ခု ဖြစ်သည့်အတွက် ပညာဘဏ်တိုက်၊ စာကြည့်တိုက်ဟု ခေါ်ဆိုနိုင်ကြောင်း၊ ထို့ပြင် စာအုပ်နှင့်ပြည်သူလူထု ဆက်သွယ်ပေါင်းကူးသောဌာန၊ ဘဝတစ်သက်တာ စာဖတ်ခန်း၊ နိုင်ငံတော်၏ဦးနှောက်ဟူ၍လည်း အမျိုးမျိုးခေါ်ဆိုနိုင်ကြောင်း၊ အသိပညာဖြန့်ဖြူးရေးတွင် အထိရောက်ဆုံးဌာနတစ်ခု ဖြစ်ကြောင်း”

ယင်းအခမ်းအနား၏ ထင်ရှားသောမှတ်တိုင်မှာ ရှမ်းပြည်နယ်(မြောက်ပိုင်း) တစ်ခွင်ရှိ ကျေးရွာပေါင်း ၂၅၈၉ ရွာ၌ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အသီးသီး ဖွင့်လှစ်တည်ပြီးဖြစ်သည်ဟူသော အချက် ဖြစ်၏။

(ဂ)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ကို ချမှတ် လမ်းညွှန်ပေးထားခဲ့၏။

- **ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေး၊**
- **ရေကောင်းရေသန့် ရရှိရေး၊**
- **ပညာရည် အဆင့်မြှင့်တင်ရေး၊**
- **ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ပေးရေး၊**
- **စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး**

ယင်းလမ်းညွှန်ချက်ကို ဒေသအာဏာပိုင်ဖြစ်သည့် တိုင်းမှူးများနှင့် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများက အချိတ်အဆက်မိမိ အကောင်အထည်ဖော်ခဲ့ကြရာ တတိယလုပ်ငန်းစဉ်အတွက် ပညာရေးဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနတို့နှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာနကလည်း “ရွာရှိလျှင် စာရှိရမည်”ဟု ကြွေးကြော်သောအလား အင်အားအပြည့်အဝ ဝီရိယဖွဲ့သန်သန်ဖြင့် ကျေးရွာမှန်လျှင် စာကြည့်တိုက်ရှိလာရန် သွက်လက်သောခြေလှမ်းများ မနားမနေ လှမ်းလျက်ရှိနေ၏။

ယခု လားရှိုးမှာရွာသောမိုးသည် ယင်း၏ပြယုဂ် ဖြစ်တော့၏။

ရတနာစည်ဆရာတော်(လွိုင်လင်)

(ဃ)

လားရှိုးမှာရွာတဲ့မိုးမတိုင်မီ တစ်ပတ်ခန့်စော၍ ကျိုင်းတုံမှာလည်း မိုးရွာခဲ့၏။ ပညာ၊ သုတ၊ စာပေတို့အတွက် ဒါနမိုး၊ စာဂမိုး၊ စေတနာမိုးပင် ဖြစ်၏။

၂၅-၄-၂၀၀၆ ရက်နေ့မှာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့ စည်ပင်သာယာခန်းမ၌ကျင်းပသော စာကြည့်တိုက်များအတွက် အလှူငွေလှူဒါန်းပွဲအခမ်းအနားသို့ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့ တက်ရောက်၍ အမှာစကားပြောကြား ချီးမြှင့်ပေးကြ၏။

ယင်းအခမ်းအနား၏ ထင်ရှားသော ရုပ်လွှာမှာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျေးရွာ ၁၉၈၅ရွာ၌ ကိုယ့်အားကိုယ်ကိုး ဖွင့်လှစ်နိုင်ပြီးဖြစ်သည့် စာကြည့်တိုက်များနှင့် ထိုစာကြည့်တိုက်များအတွက် စေတနာရှင်များ၏ ဒါနမိုးတို့ဖြစ်၏။ ငွေသားဒါနကျပ် ၂၇သိန်းကျော်၊ ရုပ်မြင်သံကြားဖမ်းဆက် ၅၁လုံး၊ ကက်ဆက် ၁၁လုံးနှင့် ရေဒီယို ၃၅ လုံး(တန်ဖိုးငွေကျပ် ၅၃သိန်းကျော်)၊ စာအုပ်စာစောင်မျိုးစုံ ၄၆၄၆အုပ်(တန်ဖိုးငွေကျပ် ခုနစ်သိန်းကျော်) စုစုပေါင်း တန်ဖိုးငွေကျပ် ၈၈ သိန်းကျော် ဖြစ်၏။

ယင်းအခမ်းအနား၌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်ပြောကြားသော အမှာစကား ကောက်နုတ်ချက်မှာ ဤသို့ဖြစ်ပါ၏။

“နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်နိုင်ခြင်းကြောင့် ကျေးလက်နေလူကြီး၊ လူငယ်ပြည်သူများ အလွယ်တကူ စာပေဖတ်ရှုလေ့လာနိုင်ခြင်း၊ အသိပညာဗဟုသုတ တိုးပွားခြင်း၊ အမှန်နှင့်အမှားကို ဝေဖန်ပိုင်းခြားနိုင်ခြင်း၊ အချိန်ကိုအကျိုးရှိစွာ အသုံးချနိုင်ခြင်း၊ ယဉ်ကျေးသိမ်မွေ့၍ ကိုယ်ကျင့်တရားကောင်းမွန်ခြင်း၊ နိုင်ငံတော်ကို အလုပ်အကျွေးပြုသည့် သားကောင်း၊ သမီးကောင်းရတနာများ ပေါ်ထွန်းလာစေခြင်း စသည့် အကျိုးတရားများ ခံစားရရှိကြမည် ဖြစ်ကြောင်း”

(င)

ဖော်ပြခဲ့ပြီးသော အခမ်းအနားများတွင် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အောက်ပါအတိုင်း အမှာစကား ပြောကြားခဲ့၏။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်ကြောင်း၊ ပညာဖြင့် အရာရာကို စေစားနိုင်သည့် အခါသမယတွင် မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင် ပညာရည် မြင့်မားရေးကို အလေးပေး ဆောင်ရွက်နေခြင်းဖြစ်။

“ယနေ့ခေတ်သည် ပညာခေတ်ဖြစ်ကြောင်း၊ ပညာဖြင့် အရာရာကို စေစားနိုင်သည့်အခါသမယတွင် မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင် ပညာရည်မြင့်မားရေးကို အလေးပေး ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း။

“နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကျေးရွာပြည်သူများ အသိပညာဗဟုသုတတိုးပွားစေရေးအတွက် ယခုကဲ့သို့ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ပေးနေခြင်း ဖြစ်ကြောင်း။ ကျေးလက်ပြည်သူများ အသိပညာဗဟုသုတ တိုးပွားလာသည်နှင့်အမျှ ၎င်းတို့၏စိုက်ပျိုးရေး၊ ပညာရေး၊ကျန်းမာရေးကဏ္ဍများလည်း ပိုမိုဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်ကြောင်း။

“ဤကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်လှစ်ရေး စီမံကိန်းကို ၂၀၀၄-၂၀၀၅ခုနှစ်က စတင်ဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံရှိ ကျေးရွာပေါင်း ၆၁၉၄၉ ရွာအနက် ၅၃၅၅၄ ရွာတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖွင့်လှစ်ထားရှိပြီးဖြစ်ကြောင်း။ သို့ပါ၍ တစ်နိုင်ငံလုံးရှိ ကျေးရွာတိုင်းတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပေးပြီးပြီဟု ဆိုနိုင်ကြောင်း။

“မိမိတို့နိုင်ငံသည် ကမ္ဘာတွင် ကျေးရွာတိုင်း စာကြည့်တိုက်ရှိသည့် ပထမဦးဆုံးနိုင်ငံအဖြစ် ဂုဏ်ယူနိုင်ပြီ ဖြစ်ကြောင်း”

ဝန်ကြီး၏ အမှာစကားထဲတွင် အားသုံးအားနှင့် အနာဂတ်လုပ်ငန်းစဉ် ငါးရပ်မှာ မှတ်သားဖွယ်အထူးကောင်းသဖြင့် သီးခြား ထုတ်နုတ်ဖော်ပြအပ်၏။

အားသုံးအားမှာ နိုင်ငံတော်၏အား၊ ဒေသခံပြည်သူများ၏အားနှင့် စေတနာရှင်ပြည်သူများ၏အားဖြစ်ပြီး စာကြည့်တိုက်များ ရေရှည်တည်တံ့ရန်၊ ဖွံ့ဖြိုးတိုးတက်ရန် အနာဂတ်ရှေ့လုပ်ငန်းစဉ်ငါးရပ်မှာ ဤသို့ဖြစ်ပါ၏။

၁။ ကျေးရွာပြည်သူများ စာအုပ်စာစောင်များကို အမြဲမပြတ် ဖတ်ရှုလေ့လာနိုင်အောင် ဆက်လက်စည်းရုံးဆောင်ရွက်ရေး၊

၂။ စာအုပ်စာစောင်များ လစဉ်တိုးပွားနေအောင် ကျေးရွာအလိုက် စာအုပ်ငှားစနစ် ချမှတ်၍လည်းကောင်း၊ စေတနာရှင်များထံမှ အလှူငွေရှာဖွေ၍လည်းကောင်း ရန်ပုံငွေထူထောင်ဆောင်ရွက်ရေး၊

၃။ စာကြည့်တိုက်အဆောက်အအုံ မရှိသေးပါက ဆက်လက် ထူထောင်ရေး၊

၄။ စာကြည့်တိုက်ပရိဘောဂများ ပိုမိုပြည့်စုံလာအောင် ဆက်လက် ထူထောင်ရေး၊

၅။ စာကြည့်တိုက်မှူးကောင်းများရှိလာ ဖြစ်လာအောင်လေ့ကျင့် ပျိုးထောင်ပေးရေး။

ယင်းလုပ်ငန်းစဉ်(၅)ရပ်နှင့် ဆက်စပ်လျက်စာပေသမားများ ဖြစ်ကြသော ဤအရှင်တို့သည် အတွေ့အကြုံနှင့် ယှဉ်တွဲကာ စဉ်းစားသုံးသပ်အပ်ကြ၏။ စာပေသမားများပီပီ ကျောင်း၌ ပိဋကတ်စာပေများသာမက ဗဟုသုတဖြစ်ဖွယ် စာအုပ်စာစောင်များ ထားရှိ၏။ သတင်းစာထားရှိ၏။ တပည့်တပန်းများကို စာဖတ်ကျင့် သတင်းစာဖတ်ကျင့်ပေးထား၏။ ရှင်သာမဏေငယ်လေးများအတွက်မူ စာဖတ်ပြေးစေရန် သတင်းစာခေါင်းကြီးကို နေ့စဉ်အသံထွက်ဖတ်စေ၏။ လက်ရေးလှ လေ့ကျင့်ခန်းအဖြစ် သတင်းခေါင်းစီးတစ်ခုပေးပြီး လက်ရေးကျင့်စေ၏။ ဒကာ၊ ဒကာမများအား စာများများဖတ်ကြရန် အမြဲတိုက်တွန်းပြီး စာအုပ်စာပေများကို အခမဲ့ငှားပေး၏။

သည်ဖြစ်စဉ်၌ ကာလကြာလာသော်အခက်အခဲတွေ့ကြုံလာရ၏။ စာအုပ်ငှားပြီး ပြန်မပို့သော၊ စာအုပ်များ စုတ်ပြဲလာသော၊ စာအုပ်ထဲပါ ရုပ်ပုံများ ဖြတ်ယူခံရသော ရတ်တရက် စာအုပ်လာငှားရာမျိုးတွင်ငှားသူကို မှတ်မထားမိသဖြင့် ဘယ်သူငှားလိုက်မှန်းမသိတော့ဘဲ စာအုပ် အဆုံးခံရသော...စသည့် သော...သော...တို့ပင် ဖြစ်၏။ ယခုသော်စာပေဝါသနာ အထူးကြီးမားသည့် အရှင်အကံ့ရာနန္ဒ (ဓမ္မာစရိယတန်း)အား သူ့စိတ်ကြိုက်ကျောင်းတွင်း ကိုယ်ပိုင်စာကြည့်တိုက်လေး ဖွင့်ခွင့်ပေးထားပြီး စာရင်းနှင့် အင်းနှင့် တိတိကျကျ လုပ်လျက်ရှိသောကြောင့် ‘သုခမိန်စာကြည့်တိုက်’ဟု စနစ်တကျလေး ဖြစ်လာလျက်ရှိ၏။

ထို့ကြောင့် အမှတ်စဉ်(၅)သည် အထူးအရေးကြီးလိမ့်မည်။ အခြားအမှတ်စဉ်များနှင့် ပတ်သက်၍ ကျေးရွာဆရာတော်များ၊ ရွာလူကြီးများ၊ ကျေးရွာရှိငွေကြေးနှင့် အမြင်ပြည့်စုံသူများက ဦးဆောင်လျက် စည်းရုံးဆောင်ရွက်ကြရပါမည်။

(စ)

ဤအရှင်တို့ သီတင်းသုံးရာ ရှမ်းပြည်နယ်(တောင်ပိုင်း)၌ တပ်မတော်အစိုးရမတက်ရောက်မီက ပြန်/ဆက် စာကြည့်တိုက်ပင် သုံးတိုက်မျှသာ ရှိခဲ့ရာမှ ယခုသော် စာကြည့်တိုက် ၂၇ တိုက်အထိ တိုးတက်လာခြင်း၊ ကျေးလက်စာကြည့်တိုက် တစ်တိုက်မျှပင်မရှိခဲ့ရာမှ ယခုသော် ကျေးရွာစာကြည့်တိုက် ၁၈၇၈ တိုက်အထိ တိုးတက်လာခြင်းများ ဖြစ်ထွန်းလာလျက် ရှိနေပါပြီ။

ဤသည်တို့ကား တစ်တိုင်းတစ်ပြည်လုံး တအုန်းအုန်းလှုပ်ရှားကာ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်လျက်ရှိရာတွင် ရှမ်းပြည်နယ်က တက်ကြွစွာပါဝင်နေပုံကိုရှုရင်း မုဒိတာမျက်ဝန်း၌ ထင်လာသည့် အားသုံးအား မိုးပွင့်ဝဲဝဲဝင့် သွန်းရွာဟန် ရုပ်ပုံလွှာ ဖြစ်ပါသည်။

(ဆ)

ဤတွင် မိုးနှင့်ပတ်သက်သော ပိဋကတ်အမြင်တစ်ရပ်ကို ပြသင့်ပါ၏။ ကမ္ဘာပျောင်းပျက်စီးပြီး ကမ္ဘာသစ်ကြီးတည်မလာမီ ပထမဦးစွာ ရွာသွန်းသောမိုးကို ကမ္ဘာပြုမိုး(ဝိဝဋ္ဋဝဿ)ဟု ဝေါဟာရပြုထားခြင်း ဖြစ်၏။ ကမ္ဘာပြုမိုးကြောင့် ကမ္ဘာကြီးဖြစ်တည်လာရသည်ဟု ဆိုလို၏။

ယခု ရှမ်းပြည်နယ်မှာ ရွာသောမိုးသည် ယင်းကမ္ဘာပြုမိုးပမာ ပညာကမ္ဘာကို ဖြစ်တည်စေသော “ပညာကမ္ဘာပြုမိုး” ဟု ရိုးသားကြည်လင်စွာ ရှုမြင်နေရပါသတည်း။ ။

တီလားပီးယားငါးမွေးမြူရေး အခြေခံသင်တန်းဆင်းပွဲကျင်းပ ဌာနဆိုင်ရာနှင့်ကုမ္ပဏီများမှ ကိုယ်တိုင်ငါးမွေးမြူသူများတက်ရောက်ခဲ့

ရန်ကုန် မေ ၂၀

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် တီလားပီးယားငါးမွေးမြူရေး အခြေခံသင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီက ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဖ္တာဝါခန်းမဥ္စကျင်းပရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက်အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်သည်။

တက်ရောက်

သင်တန်းဆင်းအခမ်းအနားသို့ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်အောက်ရှိ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ သင်တန်းဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ရှေးဦးစွာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးငွေးမြင့်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသန်းလွင်က သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်ကိုလည်းကောင်း၊ အတွင်းရေးမှူး ဦးစိုးတင့်က သင်တန်းနှင့် သက်ဆိုင်သည်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

သင်တန်းဆင်းလက်မှတ်ချီးမြှင့်

ယင်းနောက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးအား သင်တန်းဆင်းလက်မှတ်များကို ချီးမြှင့်သည်။

ထို့နောက် ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေးက ဆရာ ဆရာမများကိုယ်စား ပါမောက္ခချုပ်(အငြိမ်းစား) ဦးဝမ်းတင်အား လည်းကောင်း၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးငွေးမြင့်က ဆရာ ဆရာမများကိုယ်စား ဦးတင်မောင်သန်းအားလည်းကောင်း ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ KDN Group ရန်ကုန်ရုံးခွဲ Top Partner Trading Co., Ltd.မှ Miss Long Fang က နောက်ဆုံးပေါ်ခေတ်မီ Microscope တစ်လုံးကို မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းသို့ ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးငွေးမြင့်က လက်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် အဖွဲ့ဝင်များသည် တီလားပီးယား ငါးမွေးမြူရေး အခြေခံသင်တန်း အမှတ်စဉ်(၁)၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြသည်။

၉၃ ဦး တက်ရောက်ခဲ့ကြ

သင်တန်းအမှတ်စဉ်(၁)သို့ ရန်ကုန်၊ ပဲခူး၊ ဧရာဝတီ၊ တနင်္သာရီတိုင်းနှင့် မွန်ပြည်နယ်တို့မှ ဌာနဆိုင်ရာများ၊ ကုမ္ပဏီများနှင့် ကိုယ်တိုင် ငါးမွေးမြူသူများ စုစုပေါင်း၉၃ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ မေ ၈ ရက်မှ ၂၀ရက်အထိ ဖြစ်သည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ဘိုကလေးဈေးလမ်း အမှတ် ၈၆ အခန်း ၆ နေ ဦးကြီးမောင်–ဒေါ်ငွေစိန် သားသမီး၊ မြေးတစ်စုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် သုံးသိန်းနှစ်သောင်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

အမှာစကား ပြောကြား

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တီလားပီးယားငါးမွေးမြူရေး အခြေခံသင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲနေ့

၂၀၀၆ခုနှစ် မေလ ၂၂ရက်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးအမျိုးသားကော်မရှင်

ပညာရေးဝန်ကြီးဌာန
ကျောင်းအပ်နှံရေးသီတင်းပတ်
မေလ ၂၅ ရက် မှ ၃၁ ရက် အထိ

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး
ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး

သတိပေး နှိုးဆော်ချက်

ခရီးသည်တင် မော်တော်ယာဉ်များအား မြို့တွင်းသို့ နေ့/ည ခရီးသည်ပို့ဆောင်နိုင်ရေးအတွက် သတ်မှတ်ခေါက်ရေနှင့်အညီ စက်သုံးဆီ ထုတ်ပေးထားပြီး ဖြစ်ပါသည်။ ယာဉ်စီးခများအားလည်း သတ်မှတ်နှုန်းထားများအတိုင်း တောင်းခံရန် ညွှန်ကြားထားရှိ ပါသည်။ သို့ရာတွင် အချို့ယာဉ်လိုင်းများမှ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့သည် ယာဉ်စီးခများကို ညပိုင်းတွင် ပိုမိုတောင်းယူနေကြကြောင်း သိရပါသည်။ ယင်းသို့ ယာဉ်စီးခပိုမိုတောင်းခံပါက ထိထိရောက်ရောက် အရေးယူနိုင်ရေးအတွက် အောက်ပါဖုန်းနံပါတ်များသို့ တိုင်ကြားနိုင်ပါသည်။

(၁)	မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်း	– ၁၉၉
(၂)	ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး	– ၂၉၁၂၈၅၊ ၉၁၂၈၄
(၃)	မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ	– ၅၄၁၉၀၅၊
	ထိန်းသိမ်းရေးကော်မတီ	၅၄၁၉၀၄

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

ဝမ်းလျှော ဝမ်းပျက်ရောဂါ ကာကွယ်ကုသပါ

၁။ ဝမ်းလျှောဝမ်းပျက်ရောဂါသည် ကူးစက်ရောဂါဖြစ်သည်။ ရောဂါပိုးများသည် ရောဂါဖြစ်ပွားနေသူ၏ ဝမ်းနှင့် အန်ဖတ်များတွင်ပါရှိသည်။ ရောဂါပိုးများပါဝင်သည့် ရေနှင့်အစားအစာများကို စားသောက်မိခြင်းကြောင့် ရောဂါကူးစက်ပြန့်ပွားသည်။

၂။ အစားအသောက်များသည် အောက်ပါအကြောင်းအချက်များကြောင့် ရောဂါပိုးများ ကူးစက်ဝင်ရောက်နိုင်သည်။

* အစားအသောက်များပေါ်သို့ ယင်အုံ ယင်နားခြင်း၊
* အစားအသောက်ထည့်သည့် အိုးခွက်ပန်းကန်များကို မသန့်ရှင်းသည့်ရေဖြင့် ဆေးကြောအသုံးပြုခြင်း၊
* မသန့်ရှင်းသည့်လက်ဖြင့် အစားအသောက်များကို ကိုင်တွယ်ချက်ပြုတ်ပြင်ဆင်ခြင်း၊
* မသန့်ရှင်းသည့် အိုးခွက်ပန်းကန်ဖြင့် ချက်ပြုတ်ပြင်ဆင်သိမ်းဆည်းခြင်း။

၃။ သောက်သုံးရေများသည် အောက်ပါအကြောင်းများကြောင့် ညစ်ညမ်း၍ ရောဂါပိုးများ ကူးစက်ဝင်ရောက်နိုင်သည်။

* သောက်သုံးရေအဖြစ်အသုံးပြုသည့် ရေတွင်းရေကန်များအတွင်းသို့ ပြင်ပမှ ညစ်ညမ်းသည့်ရေများ စီးဝင်ခြင်း၊
* ရေတွင်းရေကန်များထဲသို့ မသန့်ရှင်းသည့် ရေခွက်၊ ရေပုံးများဖြင့် ခပ်ယူခြင်း၊
* သောက်သုံးရေတွင်း၊ ရေကန်များအနီးတွင် ရေချိုးခြင်း၊ အဝတ်လျှော်ခြင်း၊
* သောက်သုံးရေတွင်း၊ရေကန်များသည် အိမ်သာ၊ အညစ်အကြေးစွန့်ရာနေရာစသည်တို့နှင့် နီးကပ်စွာတည်ရှိခြင်း၊ ပို၍နိမ့်သည့်နေရာတွင်ရှိခြင်း၊
* သောက်သုံးရေတွင်း၊ရေကန်များအနီးသို့ ကျွဲ၊ နွား၊ ခွေးစသည့် တိရစ္ဆာန်များဝင်ရောက်ခြင်း။

၄။ ဝမ်းလျှော ဝမ်းပျက်ရောဂါဖြစ်ပွားခြင်းမှ ကာကွယ်ရန်

* သောက်သုံးရေတွင်း၊ရေကန်များအနီးနှင့် မြင့်သောနေရာတွင် အိမ်သာဆောက်ခြင်း၊ မစင်စွန့်ခြင်းတို့မှ ရှောင်ကြဉ်ပါ၊
* သောက်သုံးရေတွင်း၊ရေကန်များအနီးတွင် ရေချိုးခြင်း၊ အဝတ်လျှော်ခြင်းမပြုပါနှင့်၊
* ရေတွင်း၊ ရေကန်များထဲသို့ တစ်ဦးချင်းသယ်ဆောင်လာသည့် ရေပုံး၊ ရေခွက်များနှင့် မခပ်ပါနှင့်၊

  ရေခပ်ယူရန်လိုအပ်ပါက ရေတွင်း၊ ရေကန်အနီးတွင် သန့်ရှင်းသော ရေခွက်၊ ရေပုံး သီးသန့်ထားရှိပါ၊
* ရေကို ကျိုချက်၍သောက်ပါ၊
* သန့်ရှင်းလတ်ဆတ်သည့် အစားအစာများကိုစားပါ၊
* အစားအစာများကို ယင်မနားအောင်ဖုံးအုပ်ထားပါ၊ ယင်နားစာများ မစားပါနှင့်၊
* အစားအစာများကို မကိုင်တွယ်မီ လက်ကိုရေနှင့်ဆပ်ပြာသုံး၍ စင်ကြယ်အောင်ဆေးကြောပါ၊
* အစားအစာများထည့်သည့် အိုး၊ ခွက်၊ ပန်းကန်များကို သန့်ရှင်းသည့်ရေနှင့် ဆပ်ပြာသုံး၍ စင်ကြယ်အောင်ဆေးကြောပါ၊
* ယင်လုံအိမ်သာ အသုံးပြုပါ၊
* အိမ်သာမှဆင်းတိုင်းနှင့် မစင်၊ အန်ဖတ် စသည်တို့ကို ထိတွေ့ကိုင်တွယ်ပြီးတိုင်း လက်ကိုရေနှင့် ဆပ်ပြာသုံး၍ စင်ကြယ်အောင် ဆေးကြောပါ။

၅။ အကယ်၍ ဝမ်းလျှော ဝမ်းပျက်ရောဂါဖြစ်ပွားပါက ဓာတ်ဆားရည်ကို အညွှန်းအတိုင်းတိကျစွာဖျော်၍သောက်ပြီး နီးရာဆေးရုံဆေးခန်းတွင် ဆောလျင်စွာပြသကုသမှုခံယူပါ။ မိမိမှတစ်ဆင့် အခြားသူများသို့ ရောဂါမကူးစက်ရန် သတိပြုကာကွယ်ပါ။

ကျန်းမာရေးဝန်ကြီးဌာန

ရွှေခါးပတ်ချန်ပီယံ ဗိုလ်လုပွဲ ယနေ့နွှဲကြမည် တက်လူ လုံးချောနှင့် တစ်ကျော့ပြန် ရွှေဝါထွန်းတို့ဆုံကြရာတွင်

သတင်းဆောင်းပါး – ကိုထွေး၊ ဓာတ်ပုံ – မြန်မာ့အလင်း

ရန်ကုန် မေ ၂၀

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၊ မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၆ခုနှစ် တတိယအကြိမ် မြန်မာ့ရိုးရာလက်ဝှေ့ ရွှေခါးပတ်ချန်ပီယံလုပွဲ ကိုယ်အလေးချိန် အတန်းအလိုက် ဗိုလ်လုပွဲစဉ်များကို မေ ၂၁ ရက် (ယနေ့)**မွန်းလွဲ ၂နာရီတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်သည်။**

ကိုယ်အလေးချိန်အတန်းအလိုက် ဗိုလ်လုပွဲစဉ်များအဖြစ် ယှဉ်ပြိုင်ထိုးသတ်ကြမည့် ဝယ်လ်တာဝိတ်တန်း ၆၇ကီလို၊ လိုက်မစ်ဒယ်ဝိတ်တန်း၇၁ ကီလို၊ မစ်ဒယ်ဝိတ်တန်း၇၅ကီလို၊ မစ်ဒယ်အထက် အလွတ်တန်းပွဲစဉ်များ၏ ပွဲကြိုအနေအထား သုံးသပ်ချက်ကို မြန်မာ့အလင်းပရိသတ်များအတွက် ဆက်လက်ဖော်ပြလိုက်ပါသည်။

ဝယ်လ်တာဝိတ်တန်း

ဝယ်လ်တာဝိတ်တန်း ၆၇ ကီလို ဗိုလ်လုပွဲစဉ်အဖြစ် ရန်ကြီးအောင် (အလင်းရောင်)နှင့် သူရရဲအောင် (မြန်မာပြည်သား)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်။ လက်ဝှေ့ကျော် နှစ်ဦးစလုံး ကွာတားဖိုင်နယ်နှင့် အကြို ဗိုလ်လုပွဲများ၌ ပြိုင်ဘက်ကောင်းများနှင့် ရင်ဆိုင်ခဲ့ရပြီး ဗိုလ်လုပွဲသို့ တက်လှမ်းလာခြင်းဖြစ်သည်။

ရန်ကြီးအောင်သည် ယခုလောလောဆယ်၌ တစ်ရှိန်ထိုးနာမည်ကြီးလာသော လက်ဝှေ့ကျော်ဖြစ်သည်။ အကန်အခတ်အားသန်ပြီး ဒူးတိုက်ကျွမ်းကျင်သူဖြစ်သည်။ ကွာတားဖိုင်နယ်၌ စောဇော်လွင်(KLN)ကို ဒုတိယအချီ၄၂စက္ကန့်၌ အကွဲထိုးကာဆေးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ စောဇော်လွင် ခပ်ရမ်းရမ်း ဝင်ထိုးစဉ် ရန်ကြီးအောင်က ပညာသားပါပါ ထောက်လက်သီးကျွေးလိုက်ရာ စောဇော်လွင် နဖူးကွဲသွားသည်။ သွေးထွက်များ၍ ဆရာဝန်ကဆက်ထိုးခွင့် မပြု၍ ရန်ကြီးအောင်အနိုင်ရပြီး အကြိုဗိုလ်လုပွဲသို့တက်လှမ်းခဲ့သည်။ အကြိုဗိုလ်လုပွဲစဉ်၌ ထွန်းထွန်း (ဒေါနခြေလှမ်းသစ်)ကို ပဥ္စမအချီ ၂ မိနစ် ၅၃စက္ကန့်၌ အလဲထိုးအနိုင်ယူခဲ့သည်။

ချက်ကောင်းကိုတွယ်

သူရရဲအောင်(မြန်မာပြည်သား) သည် ကွာတားဖိုင်နယ်၌ ကောင်းစံ (ရွှေဒေါပုံ) ကို တတိယအချီ ၁ မိနစ် ၂၆စက္ကန့်၌ အလဲထိုးဖြင့် အနိုင်ရရှိခဲ့သည်။ အကြို ဗိုလ်လုပွဲစဉ်၌ တာတိုးဝါး (ဘိလပ်မြေစက်ရုံ) ကို အမှတ်ဖြင့် အနိုင်ရရှိခဲ့သည်။ ငါးချီပြီးဆုံးသည်အထိ အနိုင်အရှုံးမပေါ်၍ အမှတ်ပေးစနစ်ဖြင့်ဆုံးဖြတ်ရာ ဒိုင်လူကြီးငါးဦးစလုံးက သူရရဲအောင်ကို အနိုင်ပေးခဲ့ကြသည်။ သူရရဲအောင်၏ ထိုးသတ်ပုံက သူကစမတိုက်ဘဲ တစ်ဖက်ကထိုးလာမှ ပြန်ထိုးသည်။ မပိုင်လျှင် ကြိုးဝိုင်းပတ်ရှောင်ပြီး ပိုင်မှ ချက်ကောင်းကို တွယ်သည်။ မပိုင်လျှင် ခြင်တောင်မရိုက်ဘူးဆိုသော လက်ဝှေ့သမားမျိုး ဖြစ်သည်။

သူရရဲအောင်ကလည်း ခေသူမဟုတ်။ မွေထိုင်းလက်ဝှေ့ကျော်အဖုံးကို အလဲထိုးအနိုင်ယူခဲ့သူဖြစ်သည်။ ပြည်နယ်နှင့် တိုင်းပြိုင်ပွဲ၌ အကောင်းဆုံးရွှေတံဆိပ်ရထားသည်။ ကိုယ်လုံးကိုယ်ထည် တုတ်ခိုင်ပြီး သွေးအေးသည်။ ရန်ကြီးအောင်က အကန်အခတ်နှင့် ဒူးတိုက်အားပြုပြီး သူရရဲအောင်က လက်သီးနှင့်တံတောင်ကို အသုံးများသည်။ လက်ရည်ညီသော တက်လူနှစ်ဦးဆုံသည့်ပွဲ ဖြစ်၍ အနိုင်အရှုံး အဖြေထုတ်ရန် မလွယ်သည့် ပွဲကောင်းပင်ဖြစ်သည်။

လိုက်မစ်ဒယ်ဝိတ်တန်း

လိုက်မစ်ဒယ်ဝိတ်တန်း၇၁ကီလို ဗိုလ်လုပွဲစဉ်အဖြစ် ကျော်ငြိမ်း (ဘိလပ်

မစ်ဒယ်ဝိတ်တန်း ၇၅ ကီလိုဗိုလ်လုပွဲစဉ်၌ ဇာနည်ဆင်ရိုင်း(တောင်ကလေး)နှင့် ယှဉ်ပြိုင်ထိုးသတ်ရမည့် ဘိလပ်မြေစတား(ဘိလပ်မြေစက်ရုံ)၏ ဟန်နှင့်မာန်။ (မြန်မာ့အလင်း)

မစ်ဒယ်ဝိတ်တန်း ၇၅ ကီလို ဗိုလ်လုပွဲစဉ်၌ ဘိလပ်မြေစတား (ဘိလပ်မြေစက်ရုံ)နှင့် ယှဉ်ပြိုင်ထိုးသတ်ရမည့် ဇာနည်ဆင်ရိုင်း (တောင်ကလေး)၏ ဟန်ပန် အနေအထား။ (မြန်မာ့အလင်း)

မြေစက်ရုံ)နှင့်ချန်ထူး(တောင်ကလေး) တို့ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ လိုက်မစ်ဒယ် ဝိတ်တန်း၌ နှစ်ဦးသာ စာရင်းပေးသွင်းခဲ့ကြသဖြင့် ဗိုလ်လုပွဲမှ စတင်ယှဉ်ပြိုင်ရခြင်း ဖြစ်သည်။ ယခုပြိုင်ပွဲ၌ လက်ဝှေ့ကျော်နှစ်ဦးစလုံး၏ လက်ရည်ကို မမြင်တွေ့ရသေးသော်လည်း ၎င်းတို့ကိုယ်စားပြုသည့် ကလပ်များကို ကြည့်ရုံနှင့် ပွဲကောင်းမည်ဟု တပ်အပ်ပြော၍ရသည်။

ခံ့ခံ့ညားညား

ယခုပြိုင်ပွဲ၌ ဘိလပ်မြေစက်ရုံကလပ်၊ တောင်ကလေးကလပ်နှင့် ကျွဲမင်းကလပ်တို့မှ လက်ဝှေ့ကျော်များ ထူးထူးခြားခြား အစွမ်းပြထိုးသတ်နိုင်သည်ကို တွေ့ရသည်။ ဘိလပ်မြေစက်ရုံကလပ်မှ အသဲစွဲ၊ ရွှေကျည်ဆံ၊ နိုင်ဝင်းနှင့် ဘိလပ်မြေစတားတို့ ဗိုလ်လုပွဲသို့ ခံ့ခံ့ညားညား တက်လာနိုင်သလို တောင်ကလေးမှလည်း စောလူမင်း၊ ကြယ်လင်းအောင်နှင့် ဇာနည်ဆင်ရိုင်းတို့ အသည်းမာကြောင်း ပြပြီး ဗိုလ်လုပွဲသို့ တက်လှမ်းလာသည်။

ကျော်ငြိမ်း (ဘိလပ်မြေစက်ရုံ) သည် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ဂျူဂျစ်ဆုချန်ပီယံ ဆာတိုအား ငါးချီပြည့်ထိုးသတ်ကာ ဂျပန်ပရိသတ်၏ဩဘာပေးမှုကို ခံယူခဲ့ရသည်။ ချန်ထူး (တောင်ကလေး)သည် သမ္မာရင့်၊ ဝါရင့် လက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။ မာဂုဏ်ရှိပြီး အဝင်အထွက် သွက်လက်ရဲတင်းသည်။ ချုပ်သိုင်းပိုင်ရင် လုပ်တိုင်းနိုင်တယ်ဆိုသကဲ့သို့ အပူးအချုပ်ကျွမ်းကျင်ပြီး ပြိုင်ဘက်ကို မလှုပ်သာအောင်လုပ်ပြီး အနိုင်ယူလေ့ရှိသည်။ ကျော်ငြိမ်းနှင့်ချန်ထူးတို့ပွဲမှာ အကြိတ်အနယ်ဖြစ်လာမည် ဖြစ်သည်။

မစ်ဒယ်ဝိတ်တန်း

မစ်ဒယ်ဝိတ်တန်း ၇၅ကီလို ဗိုလ်လုပွဲစဉ်အဖြစ် ဘိလပ်မြေစတား (ဘိလပ်မြေစက်ရုံ)နှင့် ဇာနည်ဆင်ရိုင်း (တောင်ကလေး)တို့ ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။ ဘိလပ်မြေစက်ရုံကလပ်နှင့် တောင်ကလေးကလပ်တို့ ဗိုလ်လုပွဲ၌ ထပ်မံဆုံကြပြန်ပြီ ဖြစ်သည်။ မစ်ဒယ်ဝိတ်တန်း၌ လက်ဝှေ့ကျော်လေးဦး စာရင်းပေးသွင်းခဲ့သဖြင့် အကြိုဗိုလ်လုပွဲစဉ်မှ စတင်ယှဉ်ပြိုင်ခဲ့ရသည်။

အကြိုဗိုလ်လုပွဲစဉ်၌ ဘိလပ်မြေစတားက စောသဲအေး(တံ့တေး) ကို ဒုတိယအချီ ၁ မိနစ် စက္ကန့် ၃၀၌ အလဲထိုးအနိုင်ရခဲ့သည်။ သတ်လုံးသတ်ကွက်ကောင်းပြီး သွေးအေးအေး ထိုးသတ်တတ်သည်။ လက်သီးလွှတ်မြန်သည်ဖြစ်ရာ စောသဲအေးကို ညာဖြတ်လက်သီးဖြင့် ပွဲသိမ်းခဲ့ခြင်းဖြစ်သည်။ ဘိလပ်မြေစက်ရုံ ရိုးရာလက်ဝှေ့ကလပ်၏ အားထားရသူဖြစ်သည်။

ညာလက်ဆုံပြုတ်

ဇာနည်ဆင်ရိုင်းက အကြိုဗိုလ်လုပွဲစဉ်၌ စိန်သံမဏိ(အလင်းရောင်) ကို တတိယအချီ ၂မိနစ်၃၁စက္ကန့်၌ အနိုင်ရရှိခဲ့သည်။စိန်သံမဏိထိုးလုံးထိုးကွက်ကောင်းပြီး ငယ်ဂုဏ်ဖြင့် ဖိတိုက်သော်လည်း နည်းဗျူဟာမှား၍ ရှုံးခဲ့ရခြင်းဖြစ်သည်။ နှစ်ဦးသားလုံးထွေးအကျ၌ ဇာနည်ဆင်ရိုင်းက အပေါ်မှ ဆောင့်ချရာ စိန်သံမဏိ ညာလက်ဆုံ ပြုတ်သွားသည်။ စိန်သံမဏိလက်ကို အသုံးမပြုနိုင်တော့ဘဲ ခေါင်းဖြင့်တိုက်ရုံသာ တတ်နိုင်တော့ရာ ဇာနည်ဆင်ရိုင်းက ပွဲသိမ်းလိုက်ခြင်း ဖြစ်သည်။

ဇာနည်ဆင်ရိုင်းသည် ရိုးရာ လက်ဝှေ့ပွဲပေါင်း၁၅၀ကျော်ထိုးသတ်ထားသော သမ္မာရင့် ဝါရင့် လက်ဝှေ့ကျော်ဖြစ်သည်။ တစ်ချိန်က ရွှေဝါထွန်း (သထုံ)နှင့် ထိုးသတ်ခဲ့ဖူးရာ သရေပွဲများပင်ရှိခဲ့သည်။ လက်ဝှေ့လောကမှ အနားယူထားရာ တစ်ကျော့ပြန်ထိုးသတ်ခြင်းဖြစ်ရာ ကိုယ်အလေးချိန်တိုးနေသည်။ အပူးအချုပ်ကျွမ်းကျင်ပြီး ပြိုင်ဘက်ကို တစ်ချက်ဆိုဆိုသလောက် ပွဲသိမ်းလက်သီးထိုးနိုင်သည်။ဘိလပ်မြေစတားက တက်လူဖြစ်ပြီး လက်သီးမြန်သည်။ စိန်သံမဏိ၏ သင်ခန်းစာကိုယူပြီး ဘိလပ်မြေစတား နည်းဗျူဟာ မမှားဖို့လိုသည်။ စိတ်ရှည်ရှည်နှင့် စတုတ္ထ အချီလောက်အထိ ဆွဲခေါ်နိုင်လျှင် ဇာနည်ဆင်ရိုင်းသက်လုံကျလာနိုင်ရာ ဘိလပ်မြေစတားအမှန်တကယ် စတား ဖြစ်သွားနိုင်သည်။

အလွတ်တန်း

မစ်ဒယ်အထက် အလွတ်တန်း ဗိုလ်လုပွဲစဉ်အဖြစ်လုံးချော(KLN)နှင့် ရွှေဝါထွန်း(နှစ်ရှည်ဥယျာဉ်ခြံ)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ရာပရိသတ်များ စောင့်စားနေသော ပွဲဖြစ်သည်။ မစ်ဒယ်အထက် အလွတ်တန်း၌ လက်ဝှေ့ကျော်နှစ်ဦးသာစာရင်းပေးသွင်းခဲ့ကြသဖြင့် ဗိုလ်လုပွဲမှ စတင်ယှဉ်ပြိုင်ရခြင်း ဖြစ်သည်။ ရွှေဆိုင်း(မြိုင်ကြီးငူ) MCC ပွဲတွင် ထိခိုက်ဒဏ်ရာရသွားသဖြင့် ယခုပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်နိုင်ခြင်းမရှိသည်မှာ ပရိသတ်အကြိုက် ပွဲကောင်းတစ်ပွဲ လျော့သွားခဲ့ရသည်။ ထူးထူးခြားခြားဆိုသလို ယခု ရွှေခါးပတ်ချန်ပီယံလုပွဲ၌ လုံးချော (ညောင်တုန်း) နှင့် တစ်ကျော့ပြန် ရွှေဝါထွန်း (သထုံ)တို့ လာဆုံခြင်းဖြစ်သည်။

တစ်ဟုန်ထိုး

KLN ကလပ်ကို ကိုယ်စားပြုသော လုံးချော(ညောင်တုန်း)သည် ယခုလောလောဆယ်၌ တစ်ဟုန်ထိုး တိုးတက်လာသူဖြစ်ပြီး ပရိသတ်အားပေးမှုကို အထူးရနေသူဖြစ်သည်။ အကြိုဗိုလ်လုပွဲစဉ်များမယှဉ်ပြိုင်မီက လုံးချောကို ကြိုးဝိုင်းပေါ်ဖိတ်ခေါ်ပြီး လက်ဝှေ့ရေးပြစေရာ ပရိသတ် လက်ခုပ်သံနှင့် ဆုငွေများချီးမြှင့်ခြင်းခံရသည်။ ဂျပန်နိုင်ငံသို့ နှစ်ကြိမ်သွားရောက်ယှဉ်ပြိုင်ရာ ဂျပန်ကရာတေးချန်ပီယံ အီမာမူရာအား ပထမအချီ၌ အလဲထိုးအနိုင်ယူခဲ့ပြီး ကစ်ဘောက်ဆင်ချန်ပီယံ ယာမာအူချီအား တတိယအချီ၌ အလဲထိုးအနိုင်ယူခဲ့သည်။

လုံးချောက အသက် ၂၈နှစ်သာရှိပြီး အရပ်အမြင့် ၅ပေ ၁၀လက်မရှိ၍ ကြည့်ကောင်းသော လက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။ လုံးချောအား “လက်ဝှေ့ကျော်များထဲ၌ မည်သူ့ကို သဘောအကျဆုံးဖြစ်ပါသလဲ”ဟု မေးကြည့်ရာ“ကိုရွှေဝါထွန်းကို သဘောအကျဆုံးဖြစ်ကြောင်း”ဖြေခဲ့ဖူးသည်။ လုံးချော၏ လက်ဝှေ့မှတ်တမ်းကို ကြည့်လျှင် ထစ်ချုန်း(မြစ်ကြီးနား)နှင့် နှစ်ပွဲထိုးရာ နှစ်ပွဲစလုံး အလဲထိုးအနိုင်ရခဲ့သည်။ အလီ(သထုံ)နှင့် တစ်ပွဲထိုးရာ အနိုင်ရခဲ့သည်။

အလဲထိုး

လက်ဝှေ့ကျော်ဝမ်ချိုင်းနှင့် လေးပွဲထိုးရာ တစ်ပွဲရှုံး၊ တစ်ပွဲသရေ၊ နှစ်ပွဲနိုင်သည်။ နိုင်သည့်နှစ်ပွဲက အလဲထိုးခြင်းဖြစ်သည်။ ရွှေဆိုင်း(မြိုင်ကြီးငူ)နှင့် သုံးပွဲထိုးရာ သုံးပွဲစလုံး သရေကျထားသည်။ လုံးချောနှင့် ရွှေဝါထွန်းတို့ မျိုးဆက်ချင်းမတူ၍ ယခင်က ယှဉ်ပြိုင်ထိုးသတ်ခဲ့ဖူးခြင်း မရှိချေ။ လက်ရှိအနေအထား၌ လုံးချော၏ လက်ရည်မှာ အကောင်းဆုံး အနေအထား၌ရှိပြီး ယခုပွဲ အနိုင်ရလျှင် မြန်မာပြည်၏ထိပ်တန်းလက်ဝှေ့ကျော်အဖြစ် မှတ်ကျောက်တင်နိုင်မည်ဖြစ်သည်။

လက်သီးပိုင်ရှင်

မြန်မာ့ရိုးရာလက်ဝှေ့လောကသားများကြား၌ ရွှေဝါထွန်းကိုလေးစားလောက်သည့် လက်သီးပိုင်ရှင်၊ သမိုင်းကြောင်းကောင်းသည့် လက်ဝှေ့ကျော်တစ်ဦးအဖြစ် အသိအမှတ်ပြုထားကြသည်။ ရွှေဝါထွန်း၏အတွေ့အကြုံနှင့် သမ္မာမှာ ထိပ်တန်းအဆင့်၌ရှိသည်။ ဆယ်စုနှစ်တစ်ခုကျော် ပြိုင်ဘက်ကင်းချန်ပီယံဖြစ်၍ ဆယ်စုနှစ်ချန်ပီယံဟု တင်စားခေါ်ဝေါ်ခြင်းခံရသည်။ လက်ဝှေ့ကျော်သမန်းကျားထံမှ ချန်ပီယံဘွဲ့ကို လွှဲယူပြီး ၁၉၉၅ခုနှစ်၌ လက်ဝှေ့ကျော် ရွှေရူပံကို ချန်ပီယံဘွဲ့ လွှဲပေးခဲ့ရသည်။

၂၀၀၀ပြည့်နှစ် ဒုတိယအကြိမ် ရွှေခါးပတ်ချန်ပီယံလုပွဲ၌ ပါဝင်ယှဉ်ပြိုင်ခြင်းမရှိဘဲ လက်ဝှေ့လောကမှ အနားယူနေရာမှ ၂၀၀၆ခုနှစ် နှစ်ဆန်းပိုင်း၌ ထိုင်းနိုင်ငံမှ လက်ဝှေ့ကျော်ဟုန်းကို အလဲထိုးအနိုင်ယူပြီး တစ်ကျော့ပြန် ခြေချလာခြင်းဖြစ်သည်။ ၂၀၀၆ ခုနှစ် ဧပြီလဆန်းပိုင်းက ဖားကန့်မြို့ မြို့နယ်အား/ကာရန်ပုံငွေ လက်ဝှေ့ပွဲတွင် လက်ဝှေ့ကျော်ဝမ်ချိုင်းကို တတိယအချီ၌ အလဲထိုး အနိုင်ယူခဲ့သည်။ ယခုအခါ ပထမတန်း(အလွတ်တန်း)မှ မည်သူ့ကိုမဆိုထိုးမည်ဟု စိန်ခေါ်ထားသည်။

မစ်ဒယ်အထက် အလွတ်တန်း ဗိုလ်လုပွဲစဉ်၌ တက်လူ လုံးချော (KLN)နှင့် ယှဉ်ပြိုင် ထိုးသတ်ရမည့် တစ်ကျော့ပြန် ရွှေဝါထွန်း (နှစ်ရှည် ဥယျာဉ်ခြံ) မှာ အသက်ကြီးသော်လည်း သမ္မာရင့် ဝါရင့်။ (မြန်မာ့အလင်း)

ခေတ်ပြိုင်ကျော်ကြား

တစ်ချိန်က လက်ဝှေ့ကျော်များဖြစ်သည့် သမန်းကျား၊ သမိန်ဗရမ်း၊ သထုံဘနှစ်တို့နှင့် ခေတ်ပြိုင်ကျော်ကြားခဲ့ပြီး ၁၉၉၆ခုနှစ် ရွှေခါးပတ်ပွဲ၌ လက်ဝှေ့ကျော် ရွှေရူပံကို ရှုံးနိမ့်ရာမှ ရိုးရာလက်ဝှေ့လောကမှ အနားယူခဲ့ခြင်းဖြစ်သည်။ ရွှေဝါထွန်းသည် ယခုအခါ အသက်၄၄နှစ်ရှိပြီဖြစ်ပြီး သထုံမြို့ နှစ်ရှည်ဥယျာဉ်ခြံ ရိုးရာလက်ဝှေ့ကလပ်၌ နည်းပြဆရာအဖြစ်လုပ်ကိုင်နေသည်။

အသက်၂၈နှစ်သာ ရှိသေးသော တက်လူ လုံးချောနှင့် အသက်၄၀ကျော် ရွှေဝါထွန်းတို့ပွဲစဉ်ကို အချို့က အသက်အရွယ်ကွာခြားမှုကြောင့် ပွဲကောင်းပါ့မလားဟု သံသယပွားလျက်ရှိသည်။ သို့သော် သမ္မာရင့် ဝါရင့် ရွှေဝါထွန်းက ထိုင်းလက်ဝှေ့ကျော်ဟုန်းနှင့် ဝမ်ချိုင်းတို့ကို အလဲထိုး အနိုင်ယူပြီး ငါမအိုသေးကြောင်း ပြသထားသည်။

မြန်မာ့ရိုးရာလက်ဝှေ့၏ သဘောသဘာဝမှာ ကြွေတလှည့် ကြက်တစ်ခုန်ဆိုသကဲ့သို့ မည်မျှပင်ကြံ့ခိုင်မှုနှင့် သက်လုံသာသည်ဖြစ်စေ ဆန္ဒစောပြီး မဆင်မခြင်ဝင်ထိုးမိပါက ပြိုင်ဘက်၏ အလစ်အငိုက် ချက်ကောင်းစောင့်ထိုး၊ စောင့်တိုက်မှုကိုခံရပြီး အရှုံးနှင့်ပွဲသိမ်းရခြင်းမျိုးလည်းရှိတတ်သည်။ သို့ဖြစ်ရာ သမ္မာရင့် ဝါရင့် ရွှေဝါထွန်း၏ လက်ဝှေ့ပညာကြွယ်ဝမှုကပဲ အနိုင်ရသွားမည်လား၊ တစ်ဟုန်ထိုးတိုးတက်လာသော ငယ်ဂုဏ်ရှိသည့်လုံးချော၏ ကြံ့ခိုင်မှုနှင့်သက်လုံကပဲ အောင်ပွဲခံမည်လားဆိုသည်ကို မျက်တောင်မခတ်စတမ်း စောင့်ကြည့်ကြရမည် ဖြစ်သည်။

ရွှေခါးပတ်ဆု

ကိုယ်အလေးချိန်အတန်းအလိုက် ဗိုလ်လုပွဲစဉ်များဝင်ကြေးအဖြစ် ရိုးရိုးတန်း ကျပ်၃၀၀၀၊ အထူးတန်း ကျပ် ၅၀၀၀သတ်မှတ်ထားသည်။ တတိယအကြိမ် မြန်မာ့ရိုးရာလက်ဝှေ့ ရွှေခါးပတ်ချန်ပီယံလုပွဲအောင်မြင်ဖြစ်မြောက်ရေးအတွက် Myanmar Towards Co., Ltd.က အဓိက ပံ့ပိုးကူညီဆောင်ရွက်ပေးသည်။ ကိုယ်အလေးချိန်အတန်းအလိုက်ဗိုလ်လုပွဲစဉ်များ အပြီးတွင် အနိုင်ရရှိသောလက်ဝှေ့ကျော်များအား ရွှေခါးပတ်ချန်ပီယံဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ရာ အတန်းတိုင်း၌ ပွဲကြီးပွဲကောင်းများ ကြည့်ကြရမည်ဖြစ်ကြောင်း သတင်းစကား ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ကမ္ဘာ့တစ်လွှား အားကစား

စုစည်းတင်ပြသူ
မြင့်မောင်ခိုး

မျှော်လင့်စောင့်စား ဂျာမနီကမ္ဘာ့ဖလား စပိန်အသင်း၏ အနိုင်မခံ အရှုံးမပေးစိတ်ဓာတ်

မက်ဒရစ် မေ ၂၀

၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများကို ဂျာမနီနိုင်ငံ၌ ဇွန်၉ရက်တွင် စတင်ကစားတော့မည်ဖြစ်ရာ ခြေစစ်ပွဲအောင်အသင်းများ အနေဖြင့် ပြင်ဆင်လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။

ခြေစစ်ပွဲအောင်လာသော ဘောလုံးအသင်း ၃၂ သင်း၏ ရပ်တည်မှုအနေအထားများကို မြန်မာ့အလင်းဘောလုံးဝါသနာရှင်တို့အတွက် တစ်ရက်လျှင် တစ်သင်းနှုန်းဖြင့် ဖော်ပြပေးလျက်ရှိသည်။

ယနေ့တွင် ဥရောပဇုန်မှ ခြေစစ်ပွဲအောင်လာသော စပိန်အသင်း၏ ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်ရန် ကြိုးပမ်းခဲ့ရပုံများကို Yangon Entertainment Ltd. မှရရှိသော သတင်းအချက်အလက်များကို အခြေခံလျက်ရေးသား ဖော်ပြလိုက်ပါသည်။

မှတ်တိုင်စိုက်ထူနိုင်ခဲ့

စပိန်လာလီဂါသည် ဥရောပ၏ အကောင်းဆုံးလိဂ်ဖြစ်ပြီး စပိန်အသင်းအတွက် ကစားသမားများမှာလည်း ထိုပြိုင်ပွဲကြီးမှ ပေါ်ထွက်လာခဲ့သည်။ စပိန်အသင်းသည် ၁၉၆၄ ခုနှစ်က ဥရောပချန်ပီယံဖြစ်ခဲ့မှုကြောင့် နိုင်ငံအသင်းအနေဖြင့် အောင်မြင်မှုမှတ်တိုင်တစ်ခုအဖြစ် စိုက်ထူနိုင်ခဲ့သည်။

ပါဝင်နေ

သို့ရာတွင် ယူရို၂၀၀၄ပြိုင်ပွဲတွင် စပိန်အသင်းသည် အုပ်စုအဆင့်မှ ထွက်ခဲ့ရပြီးနောက် အသင်းကို အာရာဂူးနက်စ်က စတင်ကိုင်တွယ်ခဲ့သည်။ ၎င်း၏ အသင်းတွင် အတွေ့အကြုံရင့်ကျက်သော ရူဘင်ဘရာဟာတို့ ပါဝင်သလို လူငယ်ခြေတက် အန်တိုနီယိုရေးယက်စ်တို့လည်း ပါဝင်နေသည်။

စပိန်အသင်း၌ အားထားရမည့် တိုက်စစ်မှူး ရာအူးလ်ဂွန်ဇာလက်ဇ်။

စပိန်အသင်းနည်းပြ အာရာဂူးနက်စ်။

အနိုင်မခံအရှုံးမပေး

စပိန်အသင်းနည်းပြ အကောင်းဆုံးလုပ်ပေးနိုင်တာတစ်ခုမှာ ကစားသမားများကို အနိုင်မခံ အရှုံးမပေးသောစိတ်ဓာတ်ကို သွင်းပေးလိုက်ခြင်း ဖြစ်သည်။

ခြစွမ်းပြဂိုးများ

စပိန်အသင်းသည် ခြေစစ်ပွဲတွင် မထင်မှတ်သည်များ ဖြစ်ခဲ့ရမှုကြောင့် ဆလိုဗက်ကီးယားအသင်းနှင့် ရှုံးထွက်ကစားပြီးမှ ခြေစစ်ပွဲအောင်နိုင်ခဲ့သည်။ ဆလိုဗက်ကီးယားအသင်းကို နှစ်ကျော့ပေါင်း ခြောက်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရပြီး ဂါစီယာ၊ ဖာနန်ဒိုတောရက်စ်၊ မိုရီယန်တေးစ်၊ ဒေးဗစ်ဗီလာတို့ ခြစွမ်းပြဂိုးများ သွင်းယူပေးခဲ့ကြသည်။

မျှော်လင့်ရ

ဆယ်စုနှစ်သုံးစုအတွင်း ကမ္ဘာ့ဖလားမှာ အခြေအနေမကောင်းခဲ့သဖြင့် စပိန်အသင်းသည် ယခုပြိုင်ပွဲတွင် ယုံကြည်မှုများစွာဖြင့် အောင်မြင်မှုများ ရလိမ့်မည်ဟုမျှော်လင့်ရသည်။ စပိန်အသင်းသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသို့ ၁၉၃၄ ခုနှစ်က ပထမဆုံးအကြိမ် ပါဝင်ယှဉ်ပြိုင်ကစားခဲ့ပြီး ၁၉၅၀ပြည့်နှစ်တွင် စတုတ္ထဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

စပိန်လက်ရွေးစင် ဘောလုံးအသင်း။

ဝေဖန်မှုခံခဲ့ရ

ရာအူးလ်ဂွန်ဇာလက်ဇ်သည် စပိန်အသင်းအတွက် အရေးကြီးသော တိုက်စစ်မှူးကောင်းတစ်ဦးဖြစ်သည်။ ၎င်းသည် ပြီးခဲ့သောနှစ်နှစ်အတွင်းတွင် အကောင်းဆုံးခြေစွမ်းမပြနိုင်ခဲ့သဖြင့် မီဒီယာများ၏ဝေဖန်မှုကို ခံခဲ့ရသည်။

ရာအူးလ်သည် ရီးရဲမက်ဒရစ်အသင်းအတွက် ပြည်တွင်းပြည်ပပွဲများတွင် အကောင်းဆုံးခြေစွမ်းပြနေသည့် တိုက်စစ်မှူးဖြစ်သည်။ ပြီးခဲ့သောရာသီနှစ်ရာသီ၌ ရီးရဲမက်ဒရစ်နှင့်အတူ အောင်မြင်မှုတစ်ခုမျှ ရရှိခဲ့ခြင်းမရှိချေ။

ဂိုးအများဆုံးသွင်းသူ

၎င်းသည် တိုက်စစ်သာမက ကွင်းလယ်နှင့်တိုက်စစ်ကိုလည်း ချိတ်ဆက်ကစားနိုင်သည့် ကစားသမားဖြစ်သည်။ ၎င်းသည် စပိန်အသင်းတွင် ၈၂ပွဲ ပါဝင်ကစားပြီး ၄၂ဂိုးသွင်းထားသဖြင့် စပိန်အသင်းမှာ ဂိုးအများဆုံးသွင်းသူ အဖြစ် သတ်မှတ်ခံရသူလည်း ဖြစ်သည်။

စောင့်ကြည့်ရမည်

အရည်အချင်း အပြည့်အဝနှင့် စံချိန်တင်နှုန်းများရှိထားပြီးသူ တစ်ဦး အနေဖြင့် ၂၀၀၆ ကမ္ဘာ့ဖလားမှာ ဘာတွေလုပ်ပြနိုင်မည်ဆိုသည်ကိုမူ စောင့်ကြည့်ရပေလိမ့်မည်။

အသီးသီးယှဉ်ပြိုင်မည်

စပိန်အသင်းသည် ကမ္ဘာ့ဖလားအုပ်စု(ဇ)တွင် ပါဝင်ပြီး ဇွန် ၁၄ ရက်တွင် ယူကရိန်းအသင်းနှင့်လည်းကောင်း၊ ဇွန်၁၉ရက်၌ တူနီးရှားအသင်းနှင့်လည်းကောင်း၊ ဇွန်၂၃ရက်တွင် ဆော်ဒီအာရေဗျအသင်းနှင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်ရမည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

ကမ္ဘာ့ဖလားပွဲ မျက်မမြင်များအတွက် လက်မှတ်အစောင် ၆၄၀ ရောင်းချ

ဘာလင် မေ ၂၀

ဂျာမနီကမ္ဘာ့ဖလားကျင်းပရေး ကော်မတီက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် မျက်မမြင်ဘောလုံးဝါသနာအိုးများအတွက် လက်မှတ်အစောင်၆၄၀ရောင်းချရကြောင်း အဆိုပါကော်မတီက သောကြာနေ့၌ ပြောကြားသည်။

ယင်းလက်မှတ်ရောင်းချခြင်းသည် ကမ္ဘာ့ဖလားပွဲတွင် ပထမဆုံးအကြိမ်ဖြစ်ပြီး ဘောလုံးပွဲ ၆၄ပွဲတွင် ၁၀စောင်စီ ရောင်းချလိုက်ကြောင်း၊ ယင်းမျက်မမြင်ဘောလုံးဝါသနာရှင်အား ကွင်းအတွင်းဝင်ရောက်စဉ် ကိုယ်ရံတော်တစ်ဦးကိုပါ အခမဲ့ဝင်ခွင့်ပေးမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲအသီးသီးတွင် ယင်းတို့အားအစီရင်ခံသူနှစ်ဦးစီနှင့်အတူထားရှိမည်ဖြစ်ကြောင်း သိရသည်။

ယင်းတို့သည် နားတစ်ဖက်မှ ဦးခေါင်းတွင်ချိတ်ထားသောဖုန်းဖြင့် အစီအစဉ်တင်ဆက်သူ၏ ကြေညာချက်ကိုကြားပြီး အခြားနားတစ်ဖက်မှ ကွင်းအတွင်းမှ အသံများကို ကြားရမည်ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

မာစတာဖလား တင်းနစ်ပြိုင်ပွဲ

အီတလီနိုင်ငံ ရောမမြို့၌ ကျင်းပသော ရောမ မာစတာဖလား တင်းနစ်ပြိုင်ပွဲတွင် အမေရိကန်မှ ဗီးနပ်စ်ဝီလျံက ဆားဘီးယားနှင့် မွန်တီနီဂရိုးမှ ဂျန်ကိုဗစ်အား ၅-၇၊၆-၄၊၆-၁ ဖြင့် နိုင်ပြီး ဤသို့အောင်ပွဲခံခဲ့သည်။

(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့ဖလား၌ ပြင်သစ်ဗိုလ်စွဲလိုလျှင် စည်းလုံးညီညွတ်သောစိတ်ဓာတ်ရှိရမည်ဟုဇီဒန်းပြောကြား

မက်ဒရစ် မေ ၂၀

ပြင်သစ်အသင်းသည် ဂျာမနီကမ္ဘာ့ဖလားပြိုင်ပွဲတွင် အောင်ပွဲရလိုလျှင် ယခင်နှစ်များကထက် စည်းလုံးညီညွတ်သည့်စိတ်ဓာတ်ရှိဖို့လိုကြောင်း ဇီဒန်းက ပြောကြားသည်။

မိမိတို့တွင် ကစားသမားကောင်းများရှိကြောင်း၊ သို့ရာတွင် ယခင်က စည်းလုံးညီညွတ်သော အသင်းစိတ်ဓာတ်မရှိဘဲဖြစ်နေကြောင်း ဇီဒန်းက ပြောကြားသည်။

ချန်ပီယံဖြစ်ခဲ့

ဇီဒန်းသည် ၁၉၉၈ခုနှစ် ကမ္ဘာ့ဖလား အိမ်ရှင်ကျင်းပစဉ်က ကွင်းလယ် ကစားသမားအဖြစ် ပါဝင်ခဲ့ကာ ကမ္ဘာ့ဖလားကို အရယူနိုင်ခဲ့သည်။ အလားတူပင် ၂၀၀၀ပြည့်နှစ်တွင်လည်း ပြင်သစ်တို့ ဥရောပချန်ပီယံဖြစ်ခဲ့သည်။

သို့ရာတွင် ဂျပန်နှင့် တောင်ကိုရီးယား၌ကျင်းပသော ကမ္ဘာ့ဖလားပွဲတွင် စုစည်းညီညွတ်သောစိတ်ဓာတ်များလျော့ကျခဲ့ကြောင်း ၎င်းက ပြောသည်။

ပြင်သစ်အသင်းသည် အုပ်စု(ဆ)တွင် ဆွစ်ဇာလန်၊ တောင်ကိုရီးယားနှင့် တိုဂိုအသင်းတို့နှင့် ယှဉ်ပြိုင်ရမည် ဖြစ်သည်။ **ရိုက်တာ**

ကမ္ဘာ့ဖလားကစားမည့်အာဂျင်တီးနားဘောလုံးသမားစာရင်း

ဗျူနိုအေရိစ် မေ ၂၀

၂၀၀၆ကမ္ဘာ့ဖလားတွင် ပါဝင်ယှဉ်ပြိုင်မည့် အာဂျင်တီးနားဘောလုံးသမားစာရင်းကို အောက်ပါအတိုင်း ထုတ်ပြန်လိုက်သည်။

ဂိုး - ရော်ဘတ်တိုအက်ဘွန်ဒန်ဇီယာရီ(ဘိုကာဂျူနီယာ)၊ လီယိုနာဒိုဖရန်ကို(အသလက်တီကို)၊ အော်စကာ ယူစတာရီ(အင်ဒီပင်းဒင့်)။

နောက်တန်း - ရော်ဘတ်တိုအယာလာ (ဗလင်စီယာ)၊ ဂါဗရီရယ်ဟိန့်ဇီ (မန်ယူ)၊ ပါဘလိုဆိုရင် (ဗီလာရီးရဲ)၊ ဖာဖရီစီယိုကိုလော့စီနီ (ဒီပို့တီပို့)၊ ဂါဘရီရယ်မိလီတို (ဇာရာဂိုဇာ)၊ နီကိုလတ်ဘာဒစ်ဆို (အင်တာမီလန်)၊ လန်ဒရိုကူဖရီ(ရိုးမား)၊ လီယိုနယ် စကာလိုနီ (ဝက်စ်ဟမ်း)။

အလယ်တန်း - ဂျာဗီယာမက်ချီရန်(ကိုရင်သီယန်း)၊ ကမ်ဘီယာဆို(အင်တာမီလန်)၊ လူးဝစ်ဂွန်ဇာလက်ဇ် (ပေါ်တို)၊ ရီကွယ်မီး(ဗီလာရီးရဲ)၊ ရိုဒရီကွက်ဇ်(အသလက်တီကို)၊ ပါဘလိုအိုက်မား(ဗလင်စီယာ)။

ရှေ့တန်း - ဟာနန်ခရက်စပို (ချယ်လ်ဆီး)၊ ကားလို့စ်တီဗက်ဇ် (ကိုရင်သီယန်း)၊ လီယွန်နယ်မက်စီ (ဘာစီလိုနာ)၊ ဂျာဗီယာဆာဗီယိုလာ (ဆီဗီလာ)၊ ဂျူလီယိုခရုဇ်(အင်တာမီလန်)၊ ရိုဒရီကိုရိုဒရီကွက်ဇ် (ဘိုကာဂျူနီယာ)။ **ရိုက်တာ**

21-5 (13).p65 1 1/19/32, 11:27 PM

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း မှော်ဘီမြို့နယ် အထယုကျေးရွာအနီးရှိ ရန်ကုန်မြို့ ရေပေးဝေရေးစီမံကိန်း နေ့စဉ် ရေပေးဝေလျက်ရှိသော ရေသန့်စင်စက်ရုံ၊ အကြိုအနည်ထိုင်ကန်၊ အနည်ထိုင်ကန်နှင့်ရေစစ်ကန်များအတွင်းမှ သဲများ၊ နုန်းများကို **နုန်းစုပ်စက်များဖြင့် ထုတ်ယူစွန့်ပစ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။** (မြို့တော်စည်ပင်)

ရန်ကုန်မြို့ ရေပေးဝေရေးစီမံကိန်း (ငမိုးရိပ်) ဒုတိယအဆင့် တစ်နေ့ရေဂါလန် ၄၅ သန်း ထပ်မံပေးဝေနိုင်ရေးဆောင်ရွက်

ရန်ကုန် မေ ၂၀

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ယနေ့နံနက် ၈ နာရီက တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် အထယုကျေးရွာအနီး၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ရန်ကုန်မြို့နေပြည်သူများ သန့်ရှင်းကြည်လင်ပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် သောက်သုံးရေ ပိုမိုဖူလုံစွာရရှိနိုင်ရေးဆောင်ရွက်လျက်ရှိသည့် ရန်ကုန်မြို့ ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်)ဒုတိယအဆင့် တစ်နေ့ရေဂါလန် ၄၅ သန်း ထပ်မံပေးဝေနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအခြေအနေကိုသွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းတာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ရှင်းလင်းပြသ

ယင်းသို့ ကြည့်ရှုစစ်ဆေးရာတွင် မြို့တော်ဝန်နှင့်တာဝန်ရှိသူများအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်စိုး၊ အင်ဂျင်နီယာဌာန ရေနှင့်သန့်ရှင်းမှုဌာနမှူး ဒေါက်တာထွန်းသန်းထွန်း၊ အင်ဂျင်နီယာဌာန အဆောက်အအုံဌာနမှူး ဦးဇော်ဝင်း၊ စစ်ဆေးရေးဌာန ခေတ္တဌာနမှူး ဦးအောင်စိုးသန်းနှင့်လုပ်ငန်းတာဝန်ရှိသူများက မိမိတို့တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများပြီးစီးမှု၊ဆောင်ရွက်ဆဲနှင့်ဆက်လက်ဆောင်ရွက်ရမည့်အခြေအနေများကို လိုက်လံရှင်းလင်းပြသကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် မြို့တော်ဝန်က မိုးမကျမီအချိန်အတွင်း အပြီးသတ်လုပ်ဆောင်ရမည့်လုပ်ငန်းများကို တာဝန်ရှိသူအဆင့်ဆင့်က စဉ်ဆက်မပြတ် ကြပ်မတ်လုပ်ဆောင်ရေးမှာကြားပြီး ရေသန့်စင်စက်ရုံအနီး အနည်ထိုင်ကန်နှင့် သဲရေစစ်ကန်များအတွင်းမှ နုန်းများကို စက်များဖြင့် ထုတ်ယူစွန့်ပစ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ **(သတင်းစဉ်)**

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

၂၀၀၆ ခုနှစ်၊ မေလ ၁၇ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် (၅၄၁၇၇) တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ ပေါ့ဆမှုကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့်လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်းမပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့်လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားများမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျလမ်းဖြတ်ကူးကြရန်နှင့် အချက်ပြထိန်းသိမ်းမှုမရှိသောနေရာများမှလမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း/တောင်၊ ဗားကရာလမ်း၊ အမှတ် ၂၅၄နေ
ဦးဇော်ဇော်ထွန်း–ဒေါ်ခင်အေး(မခင်အေးစတိုး)တို့၏သား
မအိမွန်ဇော်(ခေတ္တ–လန်ဒန်)၏အစ်ကို

မောင်ဇေယျာဦး B.Sc (Maths)
Managing Director
Spirits Construction & TMH Home Decoration Group

နှင့်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ တိုက်၁၀၊ အခန်း၁၃၊ မြကန်သာအိမ်ရာနေ
ဦးဘိုကျော်(ဗဟန်းမြို့နယ်ဦးစီးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန)–ဒေါ်မေမြတ်မွန်တို့၏သမီး

မသဲမွန်ထွေး B.A (Business Management)
Director
Spirits Construction & TMH Home Decoration Group

တို့သည် ၂၀–၅–၂၀၀၆ရက် (စနေနေ့)တွင် Royal Garden Restaurant ၌ဂုဏ်သရေရှိ လူကြီးမင်းများနှင့် နှစ်ဖက်သောမိဘဆွေမျိုးများ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဇေယျာဦး–မသဲမွန်ထွေး။

အမည်ပြောင်း

အဖ ဦးအောင်ထွေး၏သား အထက(၂)ရွှေပြည်သာ နဝမတန်းမှ မောင်ဇင်မင်းအောင်အား ယနေ့မှစ၍ မောင်ထက်အောင်လင်းဟု ပြောင်းလဲခေါ်ပါရန်။ **ထက်အောင်လင်း။**

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

စာရင်းစစ်များအလိုရှိသည်။ အောက်ပါအချက်အလက်များနှင့် ပြည့်စုံရမည်။

၁။ ပညာအရည်အချင်း B.Com, CPA (or) LCCI(or) Commerce (ဘွဲ့တစ်ခုခု + D.A)
၂။ လုပ်ငန်းအတွေ့အကြုံ ၁၅နှစ်ရှိရမည်။
၃။ အသက်(၄၀–၅၅)နှစ်အတွင်းဖြစ်ရမည်။
၄။ အမျိုးသားဖြစ်ရမည်။
၅။ အသောက်အစားကင်းရမည်။
၆။ နယ်ခရီးထွက်နိုင်ရမည်။

လျှောက်ထားလိုသူများသည် ကိုယ်တိုင်လက်ရေးလျှောက်လွှာ၊ ကိုယ်ရေးမှတ်တမ်းအကျဉ်း၊ ခြောက်လအတွင်းရိုက်ထားသော လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရဲစခန်းထောက်ခံစာတို့ဖြင့် အောက်ပါလိပ်စာအတိုင်း ကြော်ငြာပါသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း လျှောက်ထားနိုင်သည်။

နယူးဂရိတ်ဝေါလ် **အမှတ် ၅၅၉၊ ၃၃လမ်း၊ ၈၃ x ၈၄ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
အခန်း ၄၊ ၉၁/၁၀၅၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

မဥမ္မာဇော်(ခ)မိတာအတွက် မွေးနေ့ဆုတောင်း

၂၁–၅–၂၀၀၆ရက်တွင်ကျရောက်သည့် **မိတာ**၏(၃၂)နှစ်မြောက်မွေးနေ့မှ နောင်နှစ်ပေါင်း ၁၀၀အထိ ချစ်သောခင်ပွန်း၊ သားလေးနှင့်အတူ ဘဝမှာ အောင်မြင်မှုသရဖူဆောင်းပြီး ထာဝရပျော်ရွှင်နိုင်ပါစေလို့ ဆုတောင်းပေးရင်း–

ချစ်ခင်ပွန်းအစ်ကို ဦးအေးသိန်း။

မလေးရှားနိုင်ငံတွင် အလုပ်လုပ်ရန် လုပ်သားများအမြန်အလိုရှိသည်

မြန်မာ့မာန်ကုမ္ပဏီလီမိတက်နှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော SHINE HILL C o., Ltd. မှ မလေးရှားနိုင်ငံတွင် အလုပ်လုပ်ရန် အောက်ပါလုပ်သားများ အမြန်လိုအပ်ပါသည်။

HOCK TATT SPRAY -PAINTING SDN . BHD တွင်

ဆေးသုတ်ရန်လုပ်သား	–	(၁၀)ဦး
အခြေခံလစာ	–	တစ်ရက်လျှင် (၂၅) RM+OT (3hr)
		(အနည်းဆုံးတစ်လလျှင်–950 RM)

TW ALUMINIUM ENGINEERING တွင်

ဂဟေဆက်(Welder)လုပ်သား	–	(၆)ဦး
အခြေခံလစာ	–	တစ်ရက်လျှင် (၂၅)RM+OT
	–	(အနည်းဆုံး တစ်လလျှင်–850 RM)

JOPEX INDUSTRIES SDN. BHD တွင်

စက်ရုံလုပ်သား	–	(၅)ဦး
အခြေခံလစာ	–	တစ်ရက်လျှင် (၂၁)RM+OT
		(အနည်းဆုံးတစ်လလျှင်–750 RM)

အသေးစိတ်သိလိုပါက – SHINE HILL Co., Ltd.
အမှတ် ၂၅၆၊ အခန်း၁၆၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)အပေါ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၂၄၁၂၄၈၊ HP-0951-22169 သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အပူပိုင်းဒေသ စိမ်းလန်းဖို့ စိုက်၊ထိန်း၊ရေများ ထင်းအစား အခြားလောင်စာ သုံးကြစို့

မိုးစပါးစိုက်ဧက အပြည့်အဝစိုက်ပျိုးရေး ညှိနှိုင်း အဓိကသီးနှံ ၁၀မျိုးဖြစ်ထွန်းရေး မြောက်ဦး၌ရှင်းလင်း

မြောက်ဦး မေ ၁၇

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် ၂၀၀၆-၂၀၀၇ ခုနှစ် မိုးရာသီစပါးစိုက်ဧက အပြည့်အဝ စိုက်ပျိုးရေးညှိနှိုင်း အစည်းအဝေးကို မေ ၁၂ ရက် မွန်းလွဲ ၁ နာရီက မြောက်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေ့ဦးစွာ စစ်တွေခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး စံဌေးက မိုးရာသီ စပါးစိုက်ဧက အပြည့်အဝစိုက်ပျိုးရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့် မြို့နယ်အတွင်း ငရုတ်ကောင်း၊ ရော်ဘာ၊ ကြက်ဆူစိုက်ပျိုးရေးနှင့် အဓိကသီးနှံ ၁၀ မျိုး ရှင်သန်ဖြစ်ထွန်းရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိရေးတို့ကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးမှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌဦးတင့်နိုင်ဦးက မြို့နယ်အတွင်း မိုးရာသီစပါး စိုက်ဧက အပြည့်အဝစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုး ရေးလုပ်ငန်းစဉ်များ၊ စိုက်ပျိုးရေးဆိုင်ရာ ကိစ္စရပ်များအတွက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်း တင်ပြသည်။

ဖြည့်ဆည်းဆောင်ရွက်

ဆက်လက်၍ မြို့နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးလှမောင်သာက မြို့နယ်အတွင်း စိုက်ပျိုးရေး ဆိုင်ရာ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်း တင်ပြဆွေးနွေးရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစံဌေးက တက်ရောက် လာကြသည့် ရပ်ကွက်ဥက္ကဋ္ဌများ၊ တောင်သူများ၏ တင်ပြ ချက်များအပေါ် ပြန်လည်ရှင်းလင်း ဖြည့်ဆည်းဆောင် ရွက်ပေးကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

ချမ်းအေးသာစံ၌ နယ်လှည့်စာကြည့်တိုက်ဖွင့် နိုင်ငံတော် ရွှေ့လုပ်ငန်းစဉ်များရှင်းလင်း

မန္တလေး မေ ၁၆

ချမ်းအေးသာစံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပြည်ကြီး ပျော်ဘွယ် အနောက်ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်းပြီး နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို မေ ၁၂ ရက် နံနက် ၁၀ နာရီက အဆိုပါ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံးခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသက်နိုင်ဦးနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ပိုပိုညွန့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးသက်နိုင်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးက စာကြည့်တိုက် ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့် နိုင်ငံတော်ရွှေ့ဆက်သွားမည့် လုပ်ငန်းစဉ် များကို ရှင်းလင်းပြောကြားကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မိုးစပါးနှင့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေး လျာထားချက်ပြည့်မီရေး မြင်းမူ၌ ညှိနှိုင်း

မြင်းမူ မေ ၁၂

မိုးစပါးနှင့် ခြံစည်းရိုးကြက်ဆူပင်များ လျာထားချက် ပြည့်မီအောင် စိုက်ပျိုးရေးညှိနှိုင်းအစည်းအဝေးကို မေ ၇ ရက်က မြင်းမူမြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရွှေပြည်သစ်ခန်းမဆောင်တွင် ကျင်းပ သည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁)တိုင်းအုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သောင်းက မိုးစပါး စိုက်ပျိုးဆောင်ရွက်မှု၊ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပြီးစီးမှုနှင့် ဆက်လက်စိုက်ပျိုးရန် ဆောင်ရွက်မှုတို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လတ်က ဖြည့်စွက် ရှင်းလင်းတင်ပြပြီး ခရိုင်နှင့်မြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှု ကော်မတီဝင်များက လုပ်ငန်း ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြရာ တိုင်းအုပ်ချုပ်ရေးမှူးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားကြောင်းသိရသည်။ **(၁၆၇)**

ကြီးကြပ်ဆောင်ရွက်

ဝမြို့တွင် မြို့ပေါ်ရပ်ကွက်လမ်းမနှင့်လမ်းကြားများ၌ သစ်ကိုင်းသစ်ခက် များကို တောင်ကုတ်၊သံတွဲ၊ ကျောက်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက အမှိုက်သိမ်း မော်တော်ယာဉ်များဖြင့် ဆောင်ရွက်မှုကို မေ ၅ ရက်က ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ် စည်ပင်)

မြန်မာ့အသံ နားဆင်ခရာ

၂၂-၅-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၀၇:၀၀	တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ အင်္ဂုလိမာလ သုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁:၁၅	စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (ပြင်ဦးလွင်မြို့မှ ကော်ဖီစိုက်ပျိုးရေး)
၁၁:၄၀	သိပ္ပံအကြောင်း သိကောင်းစရာ (သိပ္ပံနှင့် နည်းပညာတိုးတက်မှု တချို့) (သိပ္ပံမှူးတင်)
၁၂:၀၀	တစ်ပတ်အတွင်း သတင်းပဒေသာ
၁၂:၂၅	အားကစားသတင်းပဒေသာ
၁၂:၃၅	သီချင်းကြီးပဒေသာ (၁) ခွဲခွဲခြားခြား(ကြိုး)-မူမူခင် (၂) စိန်ကြောင်နီလာ(ပတ်ပျိုး)- သက်အောင်ဆွေ (၃) ပန်းသပြေညောင်ရေ(သံဆန်း) -မေဘရဏီခိုင်နှင့်အဖွဲ့

ညနေပိုင်း

၁၄:၁၀	အနုပညာရှင်များနှင့် ဆွေးနွေးခန်း (ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ပုလဲဝင်းနှင့် ဆွေးနွေးခန်း)
၁၄:၃၅	မြတ်နိုးစရာ ကျေးလက်တေးကဗျာ (၁) လှည်းယာဉ်တော် (၂) ထားမေတို့ရွာ (၃) ထိုးကွင်းလေးနှင့် ခြင်းခတ်သူ
၁၇:၃၀	တစ်ပတ်အတွင်း သတင်းပဒေသာ
၁၇:၄၀	မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (စားမည် ငါးအဆီ)
၁၈:၄၅	အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်) Better English
၁၉:၁၅	ဆိုင်းအဖွဲ့ (မဟာရန်ကုန် စိန်မင်းသားဆိုင်းအဖွဲ့)
၂၀:၃၀	ခံစားနားဆင် မြန်မာတေးသံစဉ် (၁) သံသရာတစ်ကွေ့ဝယ် (၂) ကိုယ့်ချစ်သူကောင်းစားရေးအတွက် (၃) ချစ်လျက်ပါမောင်

သက်ကြီးပူဇော်ပွဲ တောင်တွင်းကြီး၌ကျင်းပ

တောင်တွင်းကြီး မေ ၁၆

တောင်တွင်းကြီးမြို့ တောင်ပြင်(၂) ရပ်ကွက် အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင် မှုဖြင့် စတုတ္ထအကြိမ်အသက်(၇၈) နှစ်အထက် သက်ကြီးပူဇော်ပွဲအခမ်း အနားကို မေ ၁၁ ရက်နံနက် ၇နာရီ က ရပ်ကွက်အတွင်းရှိ မြို့မပူကြို နေ့ကလေးထိန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အပူဇော်ခံ သက်ကြီးပုဂ္ဂိုလ်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ မြို့နယ်ဆရာဝန် ဦးလှ မောင်ခေါင်းဆောင်သော မြို့နယ် သက်ကြီးရွယ်အို ပြုစုစောင့်ရှောက် ရေးအဖွဲ့မှ တာဝန်ရှိသူများ တက် ရောက်၍ သက်ကြီးပူဇော်ပွဲ အခမ်း အနားကျင်းပကြသည်။ **(၁၈၉)**

မုံ့မြို့နယ် ဘိုးဘွားရိပ်သာ

မုံ့မြို့နယ် ဘိုးဘွားရိပ်သာ ထာဝရငွေပဒေသာပင်အတွက် မေ ၈ ရက်က ဒေါက်တာသိန်းဇော်နှင့်ဇနီး ဒေါက်တာသန်းသန်းဝင်းမိသားစုက ငွေကျပ် ၁၅၀၀၀၀ ပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာ ကော်မတီဝင် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးဖုန်းလွင်က လက်ခံယူစဉ်။

(မြို့နယ် ပြန်/ဆက်)

သာစည်မြို့နယ် ကြံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နွေရာသီအခြေခံ ကွန်ပျူတာသင်တန်းဆင်း

သာစည် မေ ၁၂

မိတ္ထီလာခရိုင် သာစည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းကကြီးမှူးဖွင့်လှစ်သော နွေရာသီအခြေခံ ကွန်ပျူတာသင်တန်း အမှတ် စဉ်(၁/၂၀၀၆) သင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၂ရက် နံနက်ပိုင်းက သာစည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ မိတ္ထီလာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းတွဲဖက် အတွင်းရေးမှူး ဦးငြိမ်း မောင်၊ သာစည်မြို့နယ် အေးချမ်းသာ ယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်အောင်၊ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်း ရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ သင် တန်းသူ၊ သင်တန်းသားများနှင့် ဖိတ် ကြားထားသူများ တက်ရောက်ကြ သည်။

သင်တန်းဆင်းပွဲ၌ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးအောင်အောင်နှင့် မြို့နယ်အသင်းအတွင်းရေးမှူး ဦးမိုးမြင့် သိန်းတို့က သင်တန်းဆင်းအမှာစကား ပြောကြားကြပြီးသင်တန်းဆင်း လက် မှတ်များ ပေးအပ်ကြသည်။**(အပေါ်ပုံ)**

(ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း)

နောင်တရားမြို့ စံပြခြံစည်းရိုးကြက်ဆူစိုက်ခင်း ဝန်ထမ်းများစုပေါင်း၍ ပေါင်းမြက်များရှင်းလင်း

နောင်တရား ဧပြီ ၂၅

ရှမ်းပြည်နယ်(တောင်ပိုင်း)နောင်တရားမြို့နယ်ရှိ ဌာနဆိုင်ရာများ စုပေါင်းစိုက်ပျိုးထားသော စံပြခြံစည်းရိုး ကြက်ဆူပင်စိုက်ခင်းကို ဝန်ထမ်းများစုပေါင်း၍ ပေါင်းမြက်များ ရှင်းလင်းခြင်းနှင့် စိုက်ပျိုးခြင်းအခမ်းအနားကို ဧပြီ ၄ ရက် နံနက်၈နာရီက စိုက်ခင်းရှိရာ စံပြမွေးမြူရေးခြံအနီးရှိ စိုက်ခင်း၌ကျင်းပရာ ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်ဆောင်ရွက်ကြသည်။

အခမ်းအနားသို့မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးမှူး ဦးညီညီအောင်နှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊လူမှုရေးအသင်းအဖွဲ့များမှတာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။(၃၆၉)

ဧရာဝတီတိုင်း မြောင်းမြခရိုင် ရဲတပ်ဖွဲ့မှူးရုံး တပ်ဖွဲ့ဝင်နှင့်စာရေးဝန်ထမ်းများ၏ သားသမီးများ မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့် တက္ကသိုလ်အဆင့်ကျောင်းသူကျောင်းသား ၄၅ဦးအတွက် ၂၀၀၆-၂၀၀၇ ခုနှစ် ပညာသင်စရိတ် ထောက်ပံ့ကြေးငွေကျပ် ၁၅၁၅၀၀ ပေးအပ်ပွဲကို မေ ၁၆ရက်က ရဲကျော်သူခန်းမ၌ ကျင်းပရာခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးနေမျိုးသူက တပ်ဖွဲ့ဝင်မိသားစုများကိုယ်စား ဒုတိယ ရဲမှူး(ဦးစီး) ဒုတိယရဲမှူးဇင်မော်အား ပေးအပ်စဉ်။ (ခရိုင်ရဲတပ်ဖွဲ့)

ဝါးခယ်မမြို့နယ်၌ ကျေးရွာချင်းဆက်လမ်းသစ်ဖွင့် တစ်မိုးနှစ်သီးစိုက်တောင်သူများအား လိုအပ်ချက်ဖြည့်ဆည်း

ဝါးခယ်မ မေ ၁၉

ဧရာဝတီတိုင်း ဝါးခယ်မမြို့နယ် ဦးကြီးတော်ကျေးရွာ၏ ကိုယ့်အားကိုယ်ကိုး ကျေးရွာချင်းဆက် မြေသားလမ်းသစ်ဖွင့်ပွဲကို မေ ၁၆ရက် နံနက် ၉ နာရီက အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။

ရှေးဦးစွာ ဦးကြီးတော်ကျေးရွာ ဥက္ကဋ္ဌဦးရွှေစိုးက ကိုယ့်အားကိုယ်ကိုး ကျေးရွာချင်းဆက် မြေသားလမ်းသစ်ဖွင့်ပွဲ အထိမ်းအမှတ်အလံများကို မြို့နယ်ဥက္ကဋ္ဌဦးစန်းဌေး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးလှဦးနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးကျော်လွင် ထံသို့ပေးအပ်ပြီး အရှည်ပေ ၂၀၉၀နှင့် အကျယ် ၁၈ပေရှိ မြေသားလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစန်းဌေးသည် ဝါးခယ်မမြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှု ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဦးကြီးတော်ကျေးရွာအတွင်း တစ်မိုးနှစ်သီး စိုက်ပျိုးနေကြသည့် ဒေသခံတောင်သူလယ်သမားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မော်လမြိုင်မြို့ ကျိုက်သလ္လံစေတီတော် ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်မှုလုပ်ငန်းများအတွက် မေ၁၄ရက်က မော်လမြိုင်မြို့ မောင်ငံရပ် အောက်လမ်းမကြီး အမှတ်၇၃၂နေ ဦးသန်းဆွေ-ဒေါ်ခင်မြင့် မိသားစုက ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးကိုမင်းက လက်ခံယူစဉ်။ (၁၆၈)

ကျောင်းကုန်း၌ မိုးရာသီရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းများတူးဖော်၊ ပန်းအလှပင်စိုက်ပျိုး

ကျောင်းကုန်း မေ ၁၇

မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မိုးရာသီ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများတူးဖော် ဆယ်တင်ခြင်းလုပ်ငန်းကို မေ ၁၄ရက် နံနက် ၈ နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့ မြို့မဈေး ပတ်ဝန်းကျင်နှင့် မြို့မဈေးအတွင်းရှိ ရေနုတ်မြောင်းများ ဆောင်ရွက်ခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်မိုးနှင့် ဝန်ထမ်းများက ကြီးကြပ်ဆောင်ရွက်ပေးကြသည်။ **(အောက်ပုံ)**

ဆောင်ရွက်ကြမည်

ဆက်လက်၍ ကျောင်းကုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး၊ မြို့သန့်ရှင်းသာယာလှပရေး၊ ပန်းအလှပင်များစိုက်ပျိုးခြင်း၊ ကြွက်၊ ခြင်ပိုးမွှားများ ကင်းဝေးစေရေးနှင့် မြို့မဈေးသန့်ရှင်းသာယာလုံခြုံရေးတို့ကို ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သိရသည်။ **(၂၆၅)**

ကောလင်းမြို့၌ ကျောင်းဆောင်သစ် အောင်ပန္နက်တင်

ကောလင်း မေ ၁၆

ကောလင်းမြို့ မြောက်အင်းရပ် ဥတ္တရာရာမ ပရိယတ္တိစာသင်တိုက် မြောက်အင်းကျောင်းဆောင်သစ် အောင်ပန္နက်တင် အခမ်းအနားကို မေ ၁၁ ရက်နံနက်က အဆိုပါကျောင်းတိုက် မြက်ခင်းပြင်၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းတိုက် ဦးစီးပဓာန ဆရာတော် ဘဒ္ဒန္တ ကောသလ္လ (စူဠဂန္ထဝါစက) ထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကြပြီးနောက် အလှူရှင်များက ကျောင်းဆောင်သစ်အတွက် အလှူငွေများကို ထည့်ဝင်လှူဒါန်းကြသည်။ **(၀၂၆)**

မင်းတပ်ခရိုင် မြို့နယ်တရားရုံးသစ်ဖွင့်

မင်းတပ် မေ ၁၅

ချင်းပြည်နယ် မင်းတပ်ခရိုင် မြို့နယ်တရားရုံးသစ်ဖွင့်ပွဲအခမ်းအနားကို မေ၁ရက် နံနက်၉နာရီက အဆိုပါရုံး၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဖေသိန်း၊ ချင်းပြည်နယ် တရားသူကြီး ဦးဝင်းမြင့်ကျော်နှင့် ခရိုင်တရားသူကြီး ဒေါ်အေးအေးမွန်တို့က အဆောက်အအုံသစ်များကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

တင်ပြ

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဖေသိန်းနှင့်ပြည်နယ်တရားသူကြီးဦးဝင်းမြင့်တို့က အမှာစကားပြောကြားပြီး ဆောက်လုပ်ရေးကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး မြို့နယ်တရားသူကြီးဦးရန်အောင်က အဆောက်အအုံဆောက်လုပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ **(ခရိုင် ပြန်/ဆက်)**

အင်းလေးကန်၌ ငါးမျိုးများ စိုက်ထည့်

ညောင်ရွှေ မေ ၁၆

ညောင်ရွှေမြို့နယ် အင်းလေးကန်အတွင်း ငါးသားပေါက်များ၊ ငါးမျိုးများ စိုက်ထည့်ခြင်း အခမ်းအနားကို မေ၁ရက်က ကျင်းပရာ အခမ်းအနားသို့ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးစံညွှန့်ရွှေနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်များ တက်ရောက်ကြပြီး ငါးမျိုးစုံ ငါးသားပေါက်ကောင်ရေ တစ်သိန်းကို အင်းလေးကန်အတွင်းသို့ ငါးမျိုးများ စိုက်ထည့်ပေးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

(၇၅)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် မေ ၂၀

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း ပင်မဌာနကြီး(၈)အဆင့် ချောက်မြို့မှ မန်နေဂျာ ဦးသန်းဝင်း**(အပေါ်ပုံ)**သည် မေ ၁၆ရက်က ရန်ကုန်ပြည်သူ့ဆေးရုံ ဗဟိုအမျိုးသား သွေးလှူဘဏ်တွင် (၇၅)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က-ပ)**

ဆိပ်ကြီးခနောင်တို၌ ခြံစည်းရိုးကြက်ဆူစိုက်ပျိုး

ဆိပ်ကြီးခနောင်တို မေ ၁၇

ဆိပ်ကြီးခနောင်တိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးအေးငွေ၏ ဦးဆောင်မှုဖြင့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲတော်ကို မေ၁၄ရက် နံနက် ၇ နာရီက ခနောင်တို အရှေ့ရပ်ကွက် အောင်မင်္ဂလာရေကန်ပေါင်၌ကျင်းပရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များစုပေါင်း၍ ခြံစည်းရိုးကြက်ဆူပင် ၁၂၀၀ကို စိုက်ပျိုးဆောင်ရွက်ကြသည်။ **(ယာပုံ)**

(မြို့နယ် ပြန်/ဆက်)

မြို့နယ် သတင်းများ

ကာမိုင်းစည်ပင် လုပ်ငန်းညှိနှိုင်း

ကာမိုင်း မေ ၆

ကချင်ပြည်နယ် ကာမိုင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ၂၈ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး ၂၀၀၆-၂၀၀၇ဘဏ္ဍာရေးနှစ်အတွက် စည်းကြပ်ကောက်ခံမည့် အခွန်အခနှုန်းထားများ သတ်မှတ်ရေးနှင့် ငွေလုံး ငွေရင်းမှ လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းအစီအစဉ်များရေးဆွဲချမှတ် ဆောင်ရွက်ရေးတို့ကို ညှိနှိုင်းဆွေးနွေးကြသည်။ **(၄၁၆)**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ၉မိုင် ရွှေနှင်းဆီလမ်း အမှတ်၃၇၃နေ ဦးဖိုးသန့်၊ ဒေါ်မိန်းကလေးတို့အား ရည်စူး၍ ဦးမြတ်ထွန်း၊ ဒေါ်ခင်စိန် မိသားစုတို့က ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

❒ ရှေ့ဖုံးမှ

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးသောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြ၊ နယူးယောက်မြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးကျော်တင့်ဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မြန်မာနိုင်ငံတွင် ရောက်ရှိနေသော ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် (နိုင်ငံရေးရာ) မစ္စတာ အီဘရာဟင်၊ အေ၊ ဂမ်ဘာရီအား နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် မိုးလေဝသအခြေအနေ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ (မေ ၂၁ ရက်)၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်

ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် (နိုင်ငံရေးရာ) နှင့်အဖွဲ့ အား ပို့ဆောင်နှုတ်ဆက်

ရန်ကုန် မေ ၂၀

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၏ ဖိတ်ကြားချက်အရ ရန်ကုန်မြို့၌ ရောက်ရှိနေသော ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် (နိုင်ငံရေးရာ) မစ္စတာ အီဘရာဟင်၊ အေ၊ ဂမ်ဘာရီနှင့်အဖွဲ့သည် ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်(နိုင်ငံရေးရာ)နှင့်အဖွဲ့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးဦးဉာဏ်ဝင်း၊

စာမျက်နှာ ၉ ကော်လံ ၁ ✡

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် (နိုင်ငံရေးရာ) မစ္စတာ အီဘရာဟင်၊ အေ၊ ဂမ်ဘာရီအား ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)